


# အပါယ်ဘေးကို
# တရားကမှ ကယ်နိုင်မယ်

## ဝိပဿနာရှုနည်း

(၂၃၈)

ဟောကြားသည့်နေ့
၉ – ၁၀ – ၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၁) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# အပါယ်ဘေးကို၊ တရားကမှကယ်နိုင်တယ်
# ဝိပဿနာရှုနည်း

ဟောကြားသည့်နေ့ (၉-၁၀-၆၁)

ဝိပဿနာတရားဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ သာသနာတွင်းမှ ပေါ်တယ်လို့ မှတ်ရမယ်. . . (မှန်ပါ့)။

ဝိပဿနာတရားသည် ဘယ်အချိန်မှပေါ်ပါလိမ့်. . . (သာသနာတွင်းမှ ပေါ်ပါတယ်ဘုရား)။

## သာသနာတွင်းနဲ့ ကြုံနေပြီ

သာသနာတွင်းမှ ပေါ်တာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သိနေတော့ ဒကာ ဒကာမတွေကလည်း

ဘဝများစွာ သံသရာက သာသနာတွင်းကို မတွေ့ခဲ့လို့ ကျွတ်တမ်းမဝင်ခဲ့ကြဘူးပေါ့ဗျာ. . . (မှန်ပါ့)၊ အခုအခါမှာကော သာသနာတွင်းမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လူလား မြောက်ပြီးသကာလ လာတဲ့အတွက် သာသနာတွင်းနဲ့ ကြုံတာ လည်း ကေန်ဖြစ်နေပါပြီ. . . (မှန်ပါ့ဘုရား)၊ သာသနာတွင်းနဲ့ ကြုံ တာကေန်ဖြစ်ပြီး သကာလနေတော့ ဩော်. . . ငါတို့သည် ရှေးက သာသနာတွင်း မကြုံလို့ ဝိပဿနာတရား အားမထုတ် ခဲ့ရဘူး. . . (မှန်ပါ့)။

## ပါရမီတွေအကုန်စုံပြီ

အခုတော့ ငါတို့ဆုတောင်းသည် အကုန်ပြည့်တဲ့ဘဝ၊ သာသနာတွင်း တို့ကြုံလာတယ်၊ ဝိပဿနာတရားတွေ ဆရာဘုန်းကြီးက နည်းပေးနေတယ်ဆိုတော့ ငါတို့ပါရမီ ဘာလို သေးသတုံးဆိုတဲ့ ဝိစိကိစ္ဆာသံသယကို အကုန်ဖျောက်ပါ. . . (မှန်ပါ့ဘုရား)။

အကုန်ဖျောက်ပစ်ပါ ဒကာ ဒကာမတို့ ငါတို့ ဒီဘဝ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်ရမည့်ဘဝ၊ ပါရမီတွေ အကုန်စုံပြီး သကာလ နေတဲ့ဘဝကို အားလုံးက ဆုံးဖြတ်ချက်ချ ပါ. . . (မှန်ပါ့ဘုရား)။

## လက်ဦးစွာဖူးတွေ့ရပါလို၏ဆိုတာ

မေတ္တေယျကိုယ်တော်မြတ်ကြီး လက်ဦးစွာ ဖူးတွေ့ရပါလို၏ဆိုတာတွေ အကုန်ဖြုတ်ပါ. . . (မှန်ပါ)။

ဘာ့ကြောင့် အဖြုတ်ခိုင်းသတုံးလို့ မေးတော့ မေတ္တေယျနဲ့ မတွေ့စေချင်လို့လား မေးစရာအကြောင်းရှိတယ်၊ မဟုတ်ပါဘူး ကိုယ်လုပ်တဲ့အလုပ်က ရည်ရွယ်ချက်က ဒီဘက်ဆုတောင်းထားလို့ ဒီဘက်မှာ အလုပ်လုပ်ခဲ့လို့ ဒီဘက်ကတွေ့ပြီးသား ဟိုဘက်ကျော်ဖို့ မလိုတော့ဘူး. . . (မှန်ပါ့)၊ ကျော်ရင် ဒုက္ခဆက်ပြီး တွေ့မယ်လို့ မှတ်ကြပါ. . . (မှန်ပါ့ဘုရား)။

ဒုက္ခ ဘယ်လောက်တွေ့မတုံးလို့ ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ဦးသန်းမောင်တို့ မေးလို့ရှိရင်ဖြင့် အရိုးတောင်နှယ်ပုံရမယ်. . . (မှန်ပါ့)။

အရိုးတောင်နှယ်ပုံဆိုတာ ဘယ်လောက်ထိအောင်သွားမှာတုံးဆိုတော့ လူတစ်ယောက်အရိုးဟာ လေးရက်တက်၊ လေးရက်ဆင်း တောင်လောက်ရှိရမယ်. . . (မှန်ပါ့)။

ဒါ လောက်တောင် အသေများပါတယ် ဆိုတာကြီးကို စောင့်ဖို့၊ မျှော်ဖို့ရော လိုသေးသလား. . . (မလိုပါ)၊ ဒါက တစ်ချက်နော်. . . (မှန်ပါ့ဘုရား)။

## ကြံ့ရာကိုကျော်ပြီး၊ မကြံ့ရာလှမ်းနေတယ်

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ စိတ်ထားရမှာဖြင့် ဩော်. . . သာသနာတွင်းမှ ဝိပဿနာတရားပေါ်တယ်၊ တို့ကလည်း ကြံ့နေတယ်၊ ကြံ့ရာကို ကျော်ပြီး မကြံ့ရာ လှမ်းနေဖို့ ဦးသန်းမောင်တို့ လိုသေးသလား. . . (မလိုပါဘုရား)။

ကြံ့ရာကျော်ပြီး မကြံ့ရာလှမ်းနေလို့ရှိရင် ဒကာကြွယ် ဆိုးရွားရာ ရောက်သွားမယ်. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အတွေ့ကြီး တွေ့ပြီးတော့ ဆရာကောင်း၊ သမားကောင်းနဲ့ ဘာမှ မလိုတော့ဘူး၊ ပါရမီအကုန်ပြည့်ပြီဆိုပြီး သကာလ ဆက်သာ ကြိုးစား. . . (မှန်ပါ့)။

ကြိုးစားလိုက်လို့ရှိရင်ဖြင့် မပေါက်မရှိပါဘူး. . . (မှန်ပါ့) မပေါက်မရှိပါဘူး ဒကာ ဒကာမတို့နော်. . . (မှန်ပါ့)။

အဲဒီတော့ အားလုံး ဒကာ ဒကာမတွေကို မင်းတို့ ပါရမီ တစ်စတစ်စဖြည့်ရတာဆိုတာတွေကို ယုံမနေနဲ့ . . . (မှန်ပါ့) ဝိပဿနာကြံ့ရတယ်ဆိုတာလည်း ပေါ်ပြီ. . . (ပေါ်ပါပြီ ဘုရား)။

ခင်ဗျားတို့က လူလားမြောက်လာတာလည်း ဘယ်အချိန်မှာ လူလားမြောက်သတုံး အကဲခတ်စမ်း. . . (သာသနာတွင်းမှာပါ) ဒါဖြင့် ဒါပြည့်နေပြီ. . . (မှန်ပါ့ဘုရား)။

သာသနာတွင်းမှာလည်း သစ္စာတရား ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်သွယ်တဲ့တရား၊ ဤတရားတွေမှာလည်း ကျွတ်တမ်းဝင်နိုင်တာ တကယ်သိ၊ ကေန်သိနေကြတယ်၊ ဒါလဲ ဆရာဘုန်းကြီးက နေ့တိုင်းပေးနေတယ်. . . (မှန်ပါ့)။

## မေတ္တေယျဘုရားကို မလှမ်းနဲ့တော့

နေ့တိုင်းပေးနေတော့ကို သာသနာတွင်းကလည်း ကြုံပြန်၊ သာသနာတွင်းမှာလည်း ကိုယ်က လူလားမြောက်ပြန်၊ သာသနာတွင်း တရားနဲ့ပဲ ကိုယ်တိုင် တွေ့နေရပြန်ဆိုတော့ မေတ္တေယျမြတ်စွာဘုရားကို မလှမ်းနဲ့တော့လို့ အားလုံးကို သတိလည်း ပေးလိုက်တယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါ လူများပြောသံများကို မယောင်ကြပါနဲ့၊ ဆရာဘုန်းကြီး အခု ဆုံးဖြတ်ချက်ချတာကို ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ယုံရလိမ့်မယ်. . . (ယုံရပါမယ်ဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားကလည်း ငါ့သာသနာ ကြုံလို့ရှိရင်ကွာတဲ့ မင်းတို့ အခုပေးထားတဲ့ စိတ်တွေ ရှုကြ၊ ဝေဒနာတွေရှုကြဆိုတာ ရှုလိုက်လို့ရှိရင် မင်းတို့ ပါရမီ ပြည့်ပြီးသားပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက် အလွန်ဖျင်းရင် ခုနစ်နှစ်

. . . (မှန်ပါ့)၊ အလတ်စား ကျင့်လို့ရှိရင် ခုနစ်လ. . . (မှန်ပါ့)၊ တော်တော်ဉာဏ်ထက်လို့ရှိရင် ခုနစ်ရက်. . . (မှန်ပါ့ဘုရား)။

ဒီလိုလဲ ငါဘုရားသာသနာတော်မှာ ငါတာဝန်ခံပါတယ်လို့ ဂေါတမ ဘုရားကလည်း တာဝန်ခံသွားလျက်နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း ဒီအလုပ် လုပ်လျက်နဲ့ ဖြစ်နေတော့ ဦးမာဒင်တို့၊ ဦးဗထွေးတို့ ဘယ်သူ့မျှော်စရာလိုသေးသတုံး. . . (မလိုပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဒကာ ဒကာမတွေကို အထူးတလည်ကလေး သတိပေးချင်တာက ဒီကာလကလေး မလွန်စေနဲ့. . . (မှန်ပါ့ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ဒီကာလကလေးကို အလွဲသုံးစားလုပ်မပစ်လိုက်ပါနဲ့. . . (မှန်ပါ့ဘုရား)။

## သေဘေးကိုတားနိုင်တဲ့ကာလ

ဒီအချိန်ကာလကလေးသည် ဒကာ ဒကာမတို့ အိုဘေး၊ နာဘေး၊ သေဘေးကို တားနိုင်တဲ့ကာလ. . . (မှန်ပါ့)။ အပါယ်ဘေးကို မရောက်ရမည့်ကာလ. . . (မှန်ပါ့) ဆိုတော့ ဒီကာလကလေးကိုတော့ဖြင့် ဘုန်းကြီးက ဒကာ ဒကာမတွေ မလုပ်ဘဲနေလို့ရှိရင် လွန်သွားမှာစိုးတယ်. . . (မှန်ပါ့) ဒါကလေးက သိပ်နှမြောစရာကောင်းတယ်. . . (ကောင်းပါတယ်ဘုရား)။

နှမြောစရာမကောင်းဘူးလား. . . (ကောင်းပါတယ်)၊ ဘဝများစွာ သံသရာက အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ အဖော်လုပ်ပြီး လာခဲ့ကြလို့ ဒကာ ဒကာမတွေ ယခုမျက်ရည် စုထားရင် သမုဒ္ဒရာလေးစင်း ရေထက်များတယ်. . . (မှန်ပါ့)။

အသားတွေစုပုံထားရင် မြင်းမိုရ်တောင်လောက် များတယ်. . . (မှန်ပါ့)၊ ဆိုတော့ အိုခဲ့ရ၊ သေခဲ့ရတာတွေ သူများ စားဖတ်၊ ဝါးဖတ်ဖြစ်ခဲ့ရတာတွေ အပါယ်မှာ အိမ်အဖြစ်နဲ့ နေခဲ့ရ တာတွေဟာ ကြာလဲကြာတော့ ဒီလမ်းနဲ့ ဒီစခန်းကိုဖြင့် မတွေ့ချင် လို့ ဖြစ်ခဲ့ရတာ ယခု သာသနာတွင်းကြုံ၊ ကိုယ်လူလားမြောက် တာနဲ့ကြုံ၊ လိုချင်တဲ့ စိတ္တုပ္ပါဒ်ကလေးတွေကလည်း ပုံပြီးသကာလ နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလုပ်ပေးမှန်ပြီး သကာလ အလုပ်လုပ်ဖို့သာ ဉာဏ်တည့်ဖို့ပဲ အရေးကြီးတယ် . . . (မှန်ပါ့)။

## ကိုယ့်အလုပ်နဲ့ ကိုယ့်ဉာဏ်နဲ့တည့်ရမယ်

အလုပ်ပေးတဲ့ဆရာကလည်း မှန်မှန်ပေးရမယ်. . . (မှန်ပါ့)၊ အလုပ်လုပ်မည့် ဒကာ ဒကာမကလည်း ကိုယ့်အလုပ်နဲ့ ကိုယ့်ဉာဏ်နဲ့ တည့်ရမယ်. . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် အဲဒီအလုပ်နဲ့ ဉာဏ်နဲ့ တည့်ဖို့ကို ဘုရားက သတိပေးလိုက်တယ်. ... (မှန်ပါ့)၊ အလုပ်နဲ့ ဉာဏ်နဲ့ တည့်ဖို့ အရေး ဘုရားက သတိပေးလိုက်ပါတယ်၊ ဒကာ ဒကာမတို့ ဒါကလေးကို မဟာဝဂ္ဂသံယုတ်မှာ လာတဲ့အတွက် နည်းနည်း မှတ်လိုက်ပါ. . . (မှန်ပါ့)၊ အလုပ်နဲ့ ဉာဏ်တည့်ဖို့နော်. . . (မှန်ပါ့)။

ကဲ. . . ဒကာ ဒကာမတွေ အခုနေ့လည်ကပဲ ပြောထားတယ်၊ ဩော်. . . ဒကာ ဒကာမတို့ စိတ်ဆယ့်သုံးခုကို ပေါ်ရာလိုက်ပါဆိုတာ အားလုံးသင်ထားတယ်. . . (မှန်ပါ့)။

ဝေဒနာဖြင့်လည်း ဝေဒနာကြိုက်တဲ့ ဒကာ ဒကာမတွေက သုခဝေဒနာပေါ်လည်း ဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လည်း ဖြစ်ပျက်ရှု၊ ဥပေက္ခာဝေဒနာပေါ်လည်း ဖြစ်ပျက်ရှုပါ၊ ဒီဝေဒနာဆီမှတစ်ပါး ဉာဏ်ဘယ်မှမသွားပါနဲ့ဆိုတာ ဝေဒနာသမားကိုလည်း ဒီအတိုင်းမှာတယ်. . . (မှန်ပါ့)။

## ပင့်ကူကြီးဥပမာ

စိတ်သမားတွေလည်း ပင့်ကူကြီး ဥပမာပြပြီး လှုပ်ရာလိုက်ပြီး သကာလ လှုပ်ရာကို ဖြစ်ပျက်ရှုပြီးလို့ရှိရင် ပြန်ပြီး ထွက်သက်ဝင်သက် အားထုတ်တဲ့စိတ်ကလေး ပြန်ထိုင်ဆိုတာ နေ့လည်ကပဲ ဆုံးမခဲ့တယ်. . . (မှန်ပါ့) ဒါနည်းကောင်း ပေးခဲ့တာပါပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီနည်းတွေကို ဒကာ ဒကာမတွေက ရနေတော့ ဟိုက တရားဓမ္မကလေးတစ်ခုပေါ်လာတယ်၊ အဲဒီ ဓမ္မဆီကို ဉာဏ်က လိုက်ဖြစ်အောင် လိုက်ပါ . . . (မှန်ပါ့)။

တရားဓမ္မကလေးတစ်ခုပေါ်လာရင် ဘာလုပ်မယ်. . . (ဉာဏ်က လိုက်ဖြစ်အောင် လိုက်ရပါတယ်ဘုရား)၊ ဉာဏ်က လိုက်ဖြစ်အောင်လိုက်နော် . . . (မှန်ပါ့)၊ ဉာဏ်က လိုက်ဖြစ်အောင်လိုက်ပါလို့ဆိုတာကို သတိပေးတယ်. . . (မှန်ပါ့)။

## ဆုတောင်းတွေကပြည့်ပြီးသား

ဘုရားကဉာဏ်နဲ့ မခွဲနဲ့ကွာ၊ မင်းခုနစ်ရက်နဲ့ပြီးမယ်တဲ့ (မှန်ပါ့) ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ မခွဲလို့ရှိရင် ခုနစ်ရက်နဲ့ ပြီးမယ် (မှန်ပါ့)၊ မင်းတို့က ဆုတောင်းတွေက ပြည့်ပြီးသားဖြစ်လို့ရှိရင် ညနေအား ထုတ် မနက် နိဗ္ဗာန်မြင်ရပါလိမ့်မယ်တဲ့. . . (မှန်ပါ့ဘုရား)၊ ဆိုတာက အင်မတန် တာဝန်ခံရဲတဲ့ ကိုယ်တော်ကြီး ဖြစ်ပြီး သကာလ နေတော့ တို့ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးလို့ မေးတဲ့အခါ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့မတည့်လို့ဖြစ်ပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘာနဲ့ ဘာနဲ့ မတည့်သတုံး. . . (ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ မတည့်လို့ပါဘုရား)၊ ဖြစ်ပျက်ဆိုတာ ဒကာ ဒကာမတို့ မှတ်ပါ အနိစ္စ. . . (မှန်ပါ့)၊ အနိစ္စနဲ့ မဂ္ဂနဲ့ မတည့်လို့ ဖြစ်ရပါသည် . . . (မှန်ပါ့ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

အဲဒီတော့ ငါတည့်တဲ့နည်း ဥပမာတစ်ခုပြမယ်ကွာ၊ မင်းတို့ မတည့်မှာလည်း တယ်စိုးရိမ်တယ်. . . တဲ့. . . (မှန်ပါ့)၊ တည့်တဲ့နည်းကလေးလည်း ဥပမာပြမယ်ဆိုပြီး '**တေလပတ္တ**' ဆိုပြီး **တေလ**-က = ဆီ၊ **ပတ္တ**-က=ခွက်ပေါ့ဗျာ (မှန်ပါ့)၊ **တေလ**-က=**ဆီ**၊ **ပတ္တ** က=ခွက် ဆိုပြီး သကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဦးမာဒင် ဥပမာပြတယ်. . . (မှန်ပါ့)။

ဥပမာပြတယ်ဆိုတော့ ဒကာကြွယ်တို့ သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)၊ ဘုရားပေးတဲ့ ဥပမာ ဖြစ်လေသောကြောင့် လည်း ဩော်. . . အင်မတန် ကရုဏာတော်ရှင့်မကြီးက ပေးတာ . . . တို့ကိုရာဟုလာသားကဲ့သို့ သနားပြီး သကာလ ဒီဘဝက စုတေမနေ သေလွန်ရလို့ရှိရင်ဖြင့် နတ်ရွာသုဂတိရောက်ပြန် လည်း အသုဘဖြစ်ရဦးမယ်. . . (မှန်ပါ့ဘုရား)၊ အပါယ်လေးပါး ရောက်ပြန်လည်း မနေ့ကတရားလိုပဲ မချိမဆံ့ ခံရဦးမယ်. . . (မှန်ပါ့)။

## မနက်အားထုတ်၊ ညနေရမှာပဲ

အဲဒီတော့ကွာ. . . တဲ့ ဖြစ်ပျက်နဲ့ မဂ်နဲ့ဖြစ်ပျက်နဲ့ ရှုတဲ့ ဉာဏ်နဲ့တည့်ဖို့အရေးကို ငါ. . . သေသေချာချာ နည်းပေးပါ့ မယ်ဆိုပြီး သကာလ ဘုရားနည်းပေးတာပဲ. . . (မှန်ပါ့)။

ဒါဖြင့် ယခု ပြောတဲ့ ဥပမာကိုဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေသေချာချာ ဩော်. . . ဒီဥပမာအတိုင်း တို့လုပ် လိုက်ရလို့ရှိရင်ဖြင့် ခုနစ်ရက်ပဲ. . . ဟာ. . . ဒါ မနက်အားထုတ်၊ ညနေရမှာပဲ၊ ညနေ အားထုတ်၊ မနက်ရမှာပဲဆိုတာကိုဖြင့် သေသေချာချာ မှတ်ပြီးသကာလ ဒကာ ဒကာမတို့ လုပ်ကြစမ်းပါ ဆိုတာ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

## တရားအားထုတ်နည်း

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် **သူ့မွှာတိုင်းမှာ** သီတင်းသုံးပြီးသကာလ နေတယ်. . . (မှန်ပါ့)။

**သူ့မွှာတိုင်းမှာ** သီတင်းသုံးပြီးနေတဲ့အခါ ရဟန်းတို့. . . တရားအားထုတ်နည်း ငါသင်မယ်ကွာ၊ မင်းတို့သည်ကား. . . လို့ ဆိုရင်ဖြင့် တရားပဲ ကယ်စရာ ရှိတယ်. . . (မှန်ပါ့)။

## အပါယ်ဘေးကို တရားကမှကယ်နိုင်တယ်

တရားပဲ မင်းတို့ **အိုဘေး နာဘေး** ကယ်နိုင်တယ်၊ တရားကပဲ အပါယ်ဘေးကယ်နိုင်တယ်၊ တရားကပဲ **သောက ပရိဒေဝဒုက္ခ ဒေါမနဿ**ဘေးတွေ ကယ်တင်နိုင်တယ်. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် တရားနည်းကို မင်းတို့ ငါပေးမယ်၊ သေသေ ချာချာ မင်းတို့ ဒီနည်းမှတ်ပြီး ဒီအတိုင်း အားထုတ်ကြ ဆိုတော့ ဦးမာဒင်တို့ ဘုရားကိုက အားထုတ်စဉ် ပေးခဲ့တယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ အားရှိရှိနဲ့ ဩော်. . . တို့အတွက်ဖြင့် သေချာပြီဆိုပြီး သကာလ ဘာမှ နောက်ပြန်ကြည့်မနေနဲ့ ကိုယ့် အရေး ကိုယ်ပြီးအောင်သာ လုပ်ပစ်လိုက်. . . (မှန်ပါ့)။

## ရာဇဝတ်သားတစ်ယောက်

လူတစ်ယောက်ကွာ. . . တဲ့၊ ရာဇဝတ်ပြစ်မှု သင့်တယ် . . . တဲ့. . . (မှန်ပါ့) ပြစ်မှုသင့်တဲ့အခါကျတော့ ရှင်ဘုရင်က ဟာ. . ဒီအတိုင်းသတ်ရင် အရုပ်ဆိုးတယ်ဆိုပြီး သကာလ သူ့အပြစ်နဲ့ သူ့ကို သတ်ရလို့ ရှိရင်ဖြင့် ကောင်းတယ်ဆိုပြီး သကာလ ရာဇဝတ်ပြစ်မှုသင့်တာ ပထမအပြစ်နဲ့ ရှေ့တွင်ပဲ သတ်မယ်လို့ ရည်ရွယ်ချက်ရှိခြားသော် မကောင်းပါဘူး. . . (မှန်ပါ့)။

နောက်ထပ် အပြစ်သင့်လာမှပဲ သတ်မယ်လို့ဆိုပြီး သကာလ ဒကာ ဒကာမတို့ ဆီတစ်ပိဿာလောက် ထည့်နိုင်တဲ့ ဆီခွက်တစ်ခုထဲမှာ ဆီအပြည့်ထည့်လိုက်ပါတယ်. . . (မှန်လှ ပါ) နှုတ်ခမ်းရေးနဲ့ကို ညီနေအောင် အပြည့်ထည့်လိုက်ပါတယ် . . . (မှန်ပါ့)။

## ဆီအပြည့်ထည့်ထားတဲ့ခွက်

တစ်ပိဿာလောက်ရှိတဲ့ ခွက်ထဲမှာ နှုတ်ခမ်းရေး ညီနေအောင် အပြည့်ထည့်လိုက်တယ်ဆိုတော့ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ဒကာကြွယ်တို့ အလှူပ်အရှား မခံဘူးပေါ့. . . (မခံပါဘုရား) နည်းနည်းလှုပ်ရင် ဆီအပြင်ဘက်ကျမယ်. . . (ကျပါမယ်) မကျပေဘူးလား. . . (ကျပါမယ်ဘုရား)။

နည်းနည်းလှုပ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ စိတ်ထဲက ပွေ့ပိုက်ပြီး သကာလ ဆီခွက်ကို အမြဲဂရုစိုက်နေရမယ်. . . (မှန်ပါ) အမြဲဂရုမစိုက်လို့ နည်းနည်းခလုတ်ရှိလည်း ခလုတ်ရှောင်ရလိမ့်မယ်. . . (မှန်ပါ)။

နိမ့်တာ-မြင့်တာရှိလို့ရှိရင်လည်း ဆီကို ထိန်းရလိမ့်မယ် . . . (မှန်ပါဘုရား) နှုတ်ခမ်းရေးနဲ့ ညီနေတာ တစ်စက်ကျရင်လည်း မကောင်းဘူး. . . (မှန်ပါ)။

အဲဒီလို ရှင်ဘုရင်က တစ်ခါတည်း ဆီကို နှုတ်ခမ်းရေးနဲ့ အညီ ထည့်ပြီးသကာလ ပေးလိုက်တယ်၊ နောက်ကလည်း သူသတ်ယောက်ျားထည့်လိုက်တယ်. . . (မှန်ပါ)။

## ဇနပဒကလျာဏီ

မင်းသွားရမည့် ခရီးကိုလည်း ငါခရီးစဉ် ထုတ်လိုက်မယ်ဆိုပြီး အင်မတန် အက၊ အဆို၊ အတီး၊ အမှုတ်နဲ့ ' ဇနပဒ

ကလျာဏ' ဆိုတဲ့ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ ဒကာမက ရှေ့မှာ ဒီလူအုပ်ကြီးထဲမှာ မကြည့်မနေနိုင်လောက်အောင် ကတဲ့ ပွဲလမ်းကိုလည်း တွေ့လိမ့်မယ်. . . (မှန်ပါ့)၊ အဲဒီ ပွဲထဲကိုလည်း ဆက်သွားရမယ်. . . တဲ့. . . (မှန်ပါ့)။

အင်မတန်ကောင်းတဲ့ ပွဲထဲကိုဖြတ်ပြီး ဒီဆီခွက်ကိုင်ပြီး သွားရမယ်. . . (မှန်ပါ့ဘုရား)။

## လူသတ်ယောက်ျားငါးယောက်

အကယ်၍ တစ်ပေါက်ကျလို့ရှိရင်လည်း နောက်က လူသတ်ယောက်ျားငါးယောက်က ကျတဲ့နေရာမှာ သတ်စေဆို တဲ့ အမိန့်ထုတ်လိုက်တယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဒီဆီခွက်သမားသည် ဆီဖိတ်မှုကို သူ့အရေးတကြီး အလေးပြုလိမ့်မယ်ဆိုတာ ဒကာကြွယ် ငြင်းဖို့ လိုသေးသလား. . . (မလိုပါဘုရား)။

ဒကာ ဒကာမတွေ ငြင်းဖို့လိုသေးသလား. . . (မလိုပါ ဘုရား)၊ သူ့ဆီမဖိတ်လို့ ဒီပွဲနဲ့ ဒီလူအုပ် ကျော်သွားလို့ရှိရင် ဦးမာဒင် သူလွတ်သွားရော. . . (မှန်ပါ့)။

## လူအုပ်ကြီးကို ရှောင်တိမ်းရမယ်

ဒီအထဲမှာ သွားရမည့်နေရာကတော့ဖြင့် လူအုပ်ကြီးတွေ

နဲ့ လှုပ်လှုပ်ရှားရှားနဲ့ဆိုတော့ ရှောင်ရမှာနဲ့ တိမ်းရမှာနဲ့ဆိုတော့ အတော်ထိန်းရမယ်ပေါ့. . . (မှန်ပါ့)။

ဟိုရှေ့ကျော်ပြီးသကာလ ပွဲထဲသွားရဦးမယ်ဆိုတော့လည်း ပွဲက မကြည့်မဖြစ်တဲ့ပွဲမျိုး **အသား၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အကြော၏ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်း**ဆိုတဲ့ ကောင်းခြင်းငါးဖြာလက္ခဏာနဲ့ ပြည့်စုံတဲ့ **ဇနပဒကလျာဏီ**ကလည်း ကနေတယ်. . . (မှန်ပါ့)။

အဲဒီကတဲ့ ပွဲကလည်း လူဦးရေက မရေမတွက်နိုင်လောက်အောင် များပြားလှတယ်၊ **ဇနပဒကလျာဏီ**ကလည်း မကြည့်ဘဲ မနေနိုင်လောက်အောင်ကို ချောမောလှပ ပြေပြစ်ပါတယ်. . . (မှန်ပါ့ဘုရား)။

အဲဒီကို မင်းသွားရမယ်ဆိုပြီး နောက်က လူသတ်ယောက်ျားနဲ့ ဆီခွက်ထဲမှာ ဆီကို နှုတ်ခမ်းရေးနဲ့ ညီနေအောင် ထည့်ပြီးသကာလ လွှတ်လိုက်တယ်. . . (မှန်ပါ့)။

အားလုံး ဒကာ ဒကာမတွေ သွားရမည့်နေရာကလည်း ကြမ်းတယ်နော်. . . (ကြမ်းပါတယ်ဘုရား)၊ လူအုပ်ထဲသွားရမယ်ဆိုတော့ ကြမ်းတယ်. . . (မှန်ပါ့)။

## ကပွဲထဲကိုသွားရမယ်

ဟို. . . ဇနပဒကလျာဏီ ကပွဲထဲ သွားရတော့မယ်ဆို

တော့လည်း ကြည့်စရာ အာရုံတွေက မကြည့်မဖြစ်လောက်အောင် ကြီးကျယ်ခမ်းနားတာတွေကလည်း ရှိနေတော့ ဒီဆီခွက်ဖိတ်လို့ရှိရင်လည်း အသက်ကသေရမှာဆိုတော့ ဦးမာဒင်တို့၊ ဦးဗထွေးတို့၊ ဦးဘသန်းတို့၊ ဦးသန်းမောင်တို့၊ ဒကာကြွယ်တို့က စဉ်းစားကြည့်စမ်းပါလား . . . (မှန်ပါ့)။

အသက်သေရမှာ သူအလွန်အရေးကြီးမလား၊ ခုနင်က လူအုပ်ထဲလည်း သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သွားချင်တဲ့စိတ်ပေါ်မလား၊ ပွဲကြည့်ချင်တဲ့စိတ်ပေါ်မလား၊ အသက်သေမှာကြောက်မလားဆိုတာ အကဲခတ်ကြစမ်း. . . (အသက်သေမှာကြောက်မှာပါဘုရား)။

ဒကာ ဒကာမတို့ ဘာကြောက်သလဲ . . . (အသက်သေမှာကြောက်မှာပါ) ဒါမကြည့်ရလဲ သေသွားမှာ မဟုတ်ဘူး . . . (မှန်ပါ့) ဆီကတစ်ပေါက်ဖိတ်လိုက်ရင် နောက်က သန်လျက်ကိုင်တဲ့ ယောကျ်ားနဲ့ဟာက ဦးမာဒင် သေပွဲဝင်ရမယ် . . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဆီတစ်ပေါက်ဖိတ်ရင်သတ်ခေ

ကောင်းပြီ. . . တဲ့၊ ဒီလိုနဲ့ ရှင်ဘုရင်က ရာဇဝတ်သားကို ဒကာ ဒကာမတို့ လူအုပ်ရှေ့လည်း မင်းဖြတ်သွားရမယ်၊ အဲဒီက ကျော်တော့ ဇနပဒကလျာဏီ ကပွဲကိုလည်း မင်းသည်ကားလို့

ဆိုလို့ရှိရင်ဖြင့် အဲဒီဆက်သွားရမယ်. . . (မှန်ပါ့)၊ ဆီတစ်ပေါက် ဖိတ်လို့ရှိရင်လည်း မင့်ကိုနောက်က လူသတ်ယောက်ျားကဖြင့် အသက်ချမ်းသာမပေးဘူး၊ ကျတဲ့နေရာမှာ သတ်စေဆိုတဲ့ အမိန့် တော့ ငါပေးလိုက်တယ်. . . (မှန်ပါ့)။

အဲဒီတော့ မင်းပဲစောင့်ရှောက်ပြီး သကာလ သွားနိုင်လဲ သွားပေါ့၊ မသွားနိုင်လည်း သေဖို့ပဲ . . . (မှန်ပါ့) ဘယ်နှစ်မျိုးပါ လိမ့်. . . (နှစ်မျိုးပါဘုရား)၊ စောင့်ရှောက်နိုင်ရင် အသက်ချမ်း သာမယ်. . . (မှန်ပါ့)၊ မစောင့်ရှောက်နိုင်ရင်. . . (အသက်သေ ရပါ့မယ်)၊ အသက်သေရမယ်ဆိုတာ ဒကာ ဒကာမတို့ သဘော ကျပလား. . . (ကျပါပြီ)။

ဒါ ဥပမာပြတာ. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဒီပုဂ္ဂိုလ်ဟာ သူ့ဆီခွက်ကိုပဲ အရေးစိုက်မလားတဲ့၊ အရေးစိုက် ချင်တဲ့စိတ်ပေါ်မလား၊ ပွဲကြည့်ချင်တဲ့စိတ်ပေါ်မလားဆိုတာ အကဲခတ်စမ်း. . . (သူ့ဆီခွက်ကိုပဲ အရေးစိုက်ပါမယ်ဘုရား)။

ဆီခွက်ပဲ အလေးပြုမယ်. . . (မှန်ပါ့)၊ မဖိတ်အောင် သူဂရုစိုက်မယ်. . . (မှန်ပါ့)။

## လူအုပ်နဲ့ပွဲကို ကျော်မှ အသေလွတ်မှာ

ဒီပွဲက ကျော်သွားလို့ရှိရင်လည်း သူ့ကို လူသတ် ငါးယောက်က ဒကာ ဒကာမတို့ မသတ်နိုင်တော့ပါဘူး. . .

(မှန်ပါ့)၊ လူအုပ်ကျော်ကာ ပွဲကျော်သွားလို့ရှိရင်လည်း ဦးသန်းမောင် အသေလွတ်ပါတယ်. . . (လွတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီကြားကလေးမှာ သူဟာ သာမည ဂရုစိုက် မလား အထူးတလည် ဂရုစိုက်မလားဆိုတာ ဒကာ ဒကာမတို့ တရားတစ်ပွဲလုံးက အကဲခတ်ကြည့်တာပေါ့. . . (အထူးဂရုစိုက် မှာပါဘုရား)။

ဆီတစ်ပေါက်ဖိတ်ရင် သေပွဲဝင်ရမယ်. . . (မှန်ပါ့)၊ တစ်ပေါက်ဖိတ်လို့ရှိရင်. . . (သေပွဲဝင်မှာပါဘုရား)၊ ဒါဖြင့် ဒါကလေး ကျော်လွန်ဖို့ရာ သူသည် ဒကာကြွယ် အားကုန် ဂရုစိုက်တော့မှာပဲ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ကျော်နိုင်ဖို့အားကုန်ဂရုစိုက်တယ်

အားကုန် ဂရုစိုက်တော့မယ်ဆိုတော့ ဒကာ ဒကာမတွေ ရိပ်မိလောက်ပါပြီ. . . (ရိပ်မိပါပြီဘုရား)၊ အဲ. . . ဒီမှာလည်း ဒကာ ဒကာမတွေ နေ့လည်က ပြောထားတယ်၊ ဒကာ ဒကာမ တွေသင်ထားတယ်၊ စိတ်က ဒကာ ဒကာမတွေ ဆယ့်သုံးမျိုး ရှိတယ် (မှန်ပါ့)။

အဲဒါ ဆီခွက်ကိုဖြင့် ဒကာ ဒကာမတွေက တစ်ခါတည်း မျက်လုံးကမြင်စိုက်ပေါ်လည်း ဖြစ်ပျက်ရှုမတဲ့. . . (မှန်ပါ့)၊ နားက

ကြားစိတ်ပေါ်ရော . . . (ဖြစ်ပျက်ရှုရမှာပါ)၊ နှာခေါင်းက နံစိတ်ပေါ်ရော. . . (ဖြစ်ပျက်ရှုရမှာပါ)၊ ဖြစ်ပျက်ရှုမှုမှတစ်ပါး ဘယ်မှ မသွားရဘူးနော်. . . (မှန်ပါ့)။

ဘေးမထွက်စေနဲ့. . . (မှန်ပါ့)၊ ဘေးထွက်လို့ရှိရင်ဖြင့် ဖြစ်ပျက်မရှိတဲ့ဘက် ထွက်သွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ငါးပါးအာရုံကာမဂုဏ်ထဲ ထွက်သွားလို့ ရှိရင်ဖြင့် **တဏှာဥပါဒါန်ကံ**တွေက ခင်ဗျားတို့ကို သတ်တော့မယ်. . . (မှန်ပါ့)။

ဖြစ်ပျက်မရှုဘဲနဲ့ စိတ်တခြား ထွက်သည်နဲ့ တစ်ပြိုင်နက်တည်း တဏှာစိတ်လာတော့မယ်. . . (လာမှာပါဘုရား)၊ ဥပါဒါန် ကရော. . . (လာမှာပါ)၊ ကံကရော . . . (လာမှာပါဘုရား)။

## ဝေဒနာသုံးပါးကို ဆီခွက်လို့မှတ်

ဒီကံက ဘာလုပ်မှာတုံးဆိုတော့ လက်ရှိခန္ဓာကြီးကို ဒီကံက ကုန်အောင်လုပ်ပြီး လက်မဲ့အပါယ်ခန္ဓာကြီးကို ပေါ်ပေါက်အောင်လုပ်ပေးလိမ့်မယ် . . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဩော်. . . ပြင်ဘက် ထွက်လိုက်ရင်တယ်ဆိုးပါကလား. . . (ဆိုးပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာသုံးပါးကို ဆီခွက်လို့ မှတ်ထား. . . (မှန်ပါ့)၊ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလည်း ဒကာ

ဒကာမတို့ ဆရာဘုန်းကြီး ပြထားတဲ့ ဆယ့်သုံးခုဟာ ဆီခွက်လို့မှတ် . . . (မှန်ပါ့ဘုရား)။

## ဒီဆီခွက်ကို ညာဏ်နဲ့မခွဲနဲ့

ဒီဆီခွက်နဲ့ ညာဏ်နဲ့ ဦးမာဒင် မခွဲနဲ့နော်. . . (မှန်ပါ့) ဘေးဖွဲ့ရင်ဆီဖိတ်ပြီ. . . (မှန်လှပါ)၊ ဒီဖြစ်ပျက်တွေနဲ့ မဂ်နဲ့ တည့်နေရင်. . . (ဆီမဖိတ်ပါဘုရား)၊ ဆီမဖိတ်ပါဘူး ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ ဆီမဖိတ်ပါဘူးတဲ့ ဖြစ်ပျက်နဲ့ မဂ်နဲ့ တည့်နေလို့ရှိရင်ဖြင့် ဒါဟာ ဘေးကိလေသာယိုပေါက် ဦးမာဒင် လာသေးရဲ့လား. . . (မလာပါဘုရား)။

ကိလေသာယိုပေါက် ကိလေသာ ကျပေါက်ဆိုတာ ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘုရား)။

## ဒီဝတ္ထုအတိုင်းအလုပ်လုပ်ပါ

ဒါ. . . ဘုရားက ဇနပဒကလျာဏီ ဝတ္ထုကို ဒကာ ဒကာမတွေ ဒီဝတ္ထုအတိုင်း အလုပ်လုပ်ပါဆိုတဲ့ ဥစ္စာကို ဦးမာဒင် တို့ ဦးဗထွေးတို့ သေသေချာချာ သင်တာပဲ . . . (မှန်ပါ့ဘုရား)၊ ဒီသဘော ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကို ဘုန်းကြီးက ဝေဒနာသုံးပါး လှည့်ပြော တယ် . . . (မှန်ပါ့)၊ သုံးပါးလာတိုင်း လာတိုင်း ဖြစ်ပျက်သာ

ရှုနေ . . . (မှန်ပါ့)၊ ဘေးမထွက်ပါနဲ့. . . (မှန်ပါ့)၊ ဉာဏ်က ဘေးမထွက်ပါနဲ့ . . . (မှန်ပါ့)။

ဘေးထွက်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း သားတွေဖို့ ထွက်လိုက်လို့ရှိရင် သားဘက်ကနေပြီး **တဏှာ ဥပါဒါန်ကံ** ဆီ သေပွဲဝင်ရတယ် . . . (မှန်ပါ့)။

## ဆီခွက်ဖိတ်လို့သေပွဲဝင်ရတယ်

အရောင်းအဝယ်ဘက် စိတ်ကထွက်သွားမယ်ဆိုလို့ရှိရင် **သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရ**ဆိုတဲ့ သေပွဲပဲ ဝင်ရတယ်. . . (မှန်ပါ့)။

ဘာဖြစ်လို့တုန်း ဆီခွက်ဖိတ်လို့. . . (မှန်လှပါ) ခင်ဗျားတို့ **ဝိပဿနာဉာဏ်** အပြင်ထွက်သွားလို့. . . (မှန်ပါ့)၊ ဝိပဿနာ အလုပ်မှ တစ်ပါး တဏှာ့အလုပ်ကို အပြင်ထွက်သွားလို့လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား) ဩော်. . . တယ်ကြောက်စရာကောင်းပါကလား. . . (ကောင်းပါတယ်ဘုရား)။

## ဘုရားပေးတဲ့ဥပမာ

ဘုရားပေးတဲ့ ဥပမာသည် ဦးမာဒင် အင်မတန် အဖိုးတန်ပါတယ်. . . (တန်ပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဒီဆီခွက် ဥပမာနဲ့ လူသတ်ယောက်ျားနဲ့ ဒီပွဲတွေ လွှတ်ပါ လိမ့် မတုံးလို့ မေးတဲ့အခါကျတော့ ကျုပ်တို့က နဂိုကိုက ရာဇဝတ် သားတွေဖြစ်နေတော့ သံသရာ့ထောင်ထဲမှာ ကျနေတယ် . . . (ကျနေပါတယ်ဘုရား)။

## ရာဇဝတ်သားကို ဆီဖိတ်မှသတ်မယ်

ကျုပ်တို့က နဂိုကစိတ်မငြိမ်ခဲ့ မတည်ခဲ့တဲ့ ပုဂ္ဂိုလ်မို့ ရာဇဝတ်ထောင်ထဲကျခဲ့တယ်၊ ဒီလူ့ပြည်ကြီးဟာ ရာဇဝတ် ထောင်ကြီးပဲ. . . (မှန်ပါ့)၊ ဒီထောင်ထဲက သတ်မိန့်ကို ပေးဖို့ရာ သည်ကားလို့ဆိုလို့ရှိရင် အဆင်သင့်ဖြစ်ပြားသော်လည်း ဆီဖိတ်မှ သတ်မယ်ဆိုတဲ့ ပရိယာယ်မျိုးနဲ့ ရှင်ဘုရင်က လွှတ်ထားတာပါ. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ဒီမှာလည်း သတိပဋ္ဌာန် ပြင်ဘက်ထွက်မှ ခင်ဗျားတို့ အိုပွဲ၊ နာပွဲ၊ သေပွဲ ဖြစ်ရတော့မယ် . . . (မှန်ပါ့)၊ သတိပဋ္ဌာန် ပြင်ဘက် မထွက်လို့ရှိရင်ဖြင့် အောင်ပွဲချည်းမှတ်ပါ. . . (မှန်ပါ့ ဘုရား)။

ဦးမာဒင် ဘယ်လောက် အရေးကြီးသလဲ. . . (ကြီးပါ တယ်ဘုရား)၊ သတိပဋ္ဌာန်ပြင်ဘက် ထွက်လို့ရှိရင်ဖြင့် . . .

(သေပွဲပါဘုရား) သေပွဲတွေ့ရတယ်. . . (တွေ့ရပါတယ် ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ မကိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ရှိတယ်၊ မဂ်ကလဲလိုက်၊ ဉာဏ်ကလဲ လိုက်လိုက်တယ်၊ ဩော်. . . ဒါဖြစ်ပျက်ပါလား၊ ဟိုဘက်က ဖြစ်ပျက်ဆိုရင် ဟိုဘက်ကလည်း အင်း. . . ဒါလဲဖြစ်ပျက်ပါကလား၊ ဒီလိုလိုက် သွားရင်တောဖြင့် ဒကာ ဒကာမတို့ ခဏနဲ့ပဲ ဆီမဖိတ်သော ကြောင့် ဒီနှစ်မျိုးလွန်သွားမှာပဲ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## ဒီနှစ်မျိုးလွန်သွားရင် အသက်ရှင်ပြီ

ဒါဖြင့် ဒီနှစ်မျိုးလွန်သွားလို့ရှိရင်ဖြင့် သူ့အမိန့်တာဝန် ကုန်ပြီ . . . (ကုန်ပါပြီဘုရား)၊ ဒီနှစ်မျိုး လွန်သွားလို့ရှိရင်ဖြင့် ရာဇဝတ်သား၏ သတ်မှုဖြတ်မှုအလုပ်မှ မင့်ခွင့်လွှတ်လိုက်ပြီဆို တော့ အမြဲ တမ်းအသက်ရှင်ပြီ ပြောလိုက်တာပဲ . . . (မှန်ပါ့)။

ဒီနှစ်မျိုးကို မကျော်လွန်သေးလို့ မင်းက မျက်စိက တောင်ကြည့်၊ မြောက်ကြည့် လူအုပ်ထဲလည်း လူအများတွေနဲ့ ပျော်ချင်ပါးချင်တဲ့စိတ် ပါလာလို့ မင့်ဆီခွက်ကို လွှတ်လိုက်လို့ ရှိရင် ဆီခွက်မှတစ်ပါး တခြားဘက် စိတ်ထွက်လိုက်လို့ရှိရင်ဖြင့် ဆီဖိတ်လို့ မင့်အသက်ခံရမယ်. . . (မှန်ပါ့)၊ ဆိုတော့ ဒီနှစ်မျိုး

ကလည်း ဦးမာဒင် တော်တော်အရေးကြီးတယ်. . . (ကြီးပါတယ်)၊ မကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

အဲဒီကြီးတဲ့ ပွဲထဲကိုပဲ လွှတ်လိုက်ပါတဲ့. . . (မှန်ပါ့ဘုရား)၊ လွှတ်တော့ ဆီတစ်ပေါက်မှ မဖိတ်ပါဘူး၊ ပထမလူအုပ်ထဲမှာလည်း မဖိတ်ပါဘူး. . . (မှန်ပါ့ဘုရား)၊ ဇနပဒကလျာဏီပွဲမှာလည်း ပွဲကိုလှည့်ပြီး မကြည့်မိတဲ့အတွက် တိမ်းခြင်း၊ စောင်းခြင်း မရှိလို့ ဆီမဖိတ်ပါဘူး. . . (မှန်ပါ့ဘုရား)။

## သတ်ရန်ကိစ္စလွှတ်သွားပြီ

ဟိုဘက်လွန်သွားသည်နဲ့ တစ်ပြိုင်နက်တည်း ဒကာဒကာမတို့ သူ့ကိစ္စပြီးသွားပြီ . . . (မှန်ပါ့)၊ သတ်ရန်ကိစ္စလွှတ်သွားပြီ. . . (လွှတ်သွားပါပြီဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ထို့အတူပဲတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း အခုဘုန်းကြီးကလည်း သင်ထားတယ်၊ နောက်နေ့တိုင်း သင်နေတဲ့ ဝေဒနာတွေသင်ထားတယ်. . . (မှန်ပါ့ဘုရား)။

အဲဒီ ဝေဒနာဖြစ်ပျက်နဲ့ မဂ်နဲ့သာ ကိုက်အောင် လုပ်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ **တဏှာ ဥပါဒါန်ကံ** လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘုရား)။

အင်း. . . စိတ်ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်လို့ စိတ်ကဖြစ်ပျက် ရှုတာက မဂ်နဲ့ တစ်ခါတည်း ကိုက်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ လာသေးသလား. . . (မလာပါ ဘုရား)။

ဒကာသစ်ရေ ဒါဆီမဖိတ်တာပဲ. . . (မှန်ပါ့) ပဋိစ္စ သမုပ္ပါဒ်မတန်းတာသည် ဆီမဖိတ်တာပဲ. . . (မှန်ပါ့) ရှင်းကြပ လား. . . (ရှင်းပါပြီဘုရား)။

## ဘာအရေးကြီးနေသတုံး

ဒါဖြင့် ဒကာ ဒကာမတို့မှာ ဘာအရေးကြီးနေသတုံး ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့သာ ကိုက်နေလို့ ရှိရင်ဖြင့် တဏှာ ဥပါဒါန်တို့ တဏှာတည်းဟူသော သေဖက်၊ ဥပါဒါန်တည်းဟူ သော သေဖက်၊ ကံတည်းဟူသော သေဖက်တွေဟာ ခင်ဗျားတို့ သန္တာန်မှာ မပေါ်လာတဲ့အတွက် ခင်ဗျားတို့ ဒီဘဝတွင် မသေ စေပါဘူး. . . (မှန်ပါ့ဘုရား)။

နောက်ဘဝများစွာကိုလည်း သေခွင့်ပေးပါဦးမလား . . . (မပေးပါဘုရား)၊ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ဆီမဖိတ်လို့ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်လိုဆိုကြမလဲ. . . (ဆီမဖိတ်လို့ ပါဘုရား)။

## ဖြစ်ပျက်နဲ့မင်္ဂနဲ့သာကိုက်နေပါ

ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေရင်ဖြင့် တဏှာ၊ ဥပါဒါန်တည်းဟူသော ဟိုဘက်စောင်းသေးရဲ့လား. . . (မစောင်းပါ)၊ မစောင်းတော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော်. . . တို့သည်ကားလို့ ဆိုလို့ရှိရင် အလုပ်လုပ်နေတဲ့ အချိန်မှာ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေလို့ရှိရင် ဆီမဖိတ်သလိုပဲ တို့မှာ တဏှာ၊ ဥပါဒါန်၊ ကံမလာဘူး . . . (မှန်ပါ့)။

ဒေါသ၊ သောကပရိဒေဝ၊ အဝိဇ္ဇာ၊ သင်္ခါရရော. . . (မလာပါဘုရား)၊ မလာပါဘူးဆိုတာရော သဘောကျပလား . . . (ကျပါပြီဘုရား)။

အင်း. . . ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေတော့ ဒကာ ဒကာမတို့ အဝိဇ္ဇာသင်္ခါရကရော. . . (မလာပါ)၊ မလာတော့ ဒါတွေလာရင် ဆီဖိတ်တာပဲ. . . (မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတဲ့တုံး. . . (ဒါတွေလာရင် ဆီဖိတ်ပါတယ်)၊ တဏှာ၊ ဥပါဒါန်၊ ကံ လာရင်ပဲ . . . (ဆီဖိတ်ပါတယ်)၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿလာရင်. . . (ဆီဖိတ်ပါတယ်) အဝိဇ္ဇာ၊ သင်္ခါရလာရင်. . . (ဆီဖိတ်ပါတယ်ဘုရား)။

## ဆီဖိတ်ရင်တော့ ဒါတွေလုပ်မယ်

ဩော်. . . ဆီဖိတ်ရင်တော့ဖြင့် ခင်ဗျားတို့ တဏှာ၊

ဥပါဒါန်၊ ကံတို့ စီမံရာ ခံရတော့မယ်. . . (မှန်ပါ့)၊ များများ သေလိုက်. . . (မှန်ပါ့ဘုရား)။

ဟော့. . . များများသေလိုက်ဆိုတော့ တဏှာ၊ ဥပါဒါန်၊ ကံတို့က များများသေလိုက်၊ များများငိုလိုက်၊ များများအလောင်း ကောင်ဖြစ်လိုက် ဒါလုပ်မှာကိုး. . . (မှန်ပါ့)။

သောက၊ ပရိဒေဝကလည်း ဒကာကြွယ် များများသေဖို့ပဲ သူလုပ်မှာပဲ . . . (မှန်ပါ့)၊ အဝိဇ္ဇာသင်္ခါရကရော. . . (များများ သေဖို့လုပ်မှာပါဘုရား)။

ဒါကြောင့် ဒီပဋိစ္စသမုပ္ပာဒ်တွေဟာ ဒကာ ဒကာမတို့ ကို သတ်မည့်ပဋိစ္စသမုပ္ပာဒ်တွေ . . . (မှန်ပါ့)၊ ဖြစ်ပျက်နဲ့ မင် မကိုက်လို့ပေါ်လာကြတာ. . . (မှန်ပါ့)။

ဆီခွက်မှတစ်ပါး တခြားကို ရောက်သွားလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ပေါ်လာတာ. . . (မှန်ပါ့)၊ ဒကာသစ် ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

## ဝိပဿနာလုပ်နေချိန် အပြင်မထွက်နဲ့

ဒါဖြင့် ကျုပ်တို့ ပြင်ဘက်သွားတဲ့အခါဆိုတာ မဟုတ်ပါ ဘူး. . . (မှန်ပါ့)၊ ဝိပဿနာလုပ်နေတဲ့အချိန်မှာ အပြင်မထွက်ဖို့ ပြောတာ. . . (မှန်ပါ့)။

ဝိပဿနာလုပ်နေတဲ့အချိန်မှာ . . . (အပြင်မထွက်ဖို့ ပြောတာပါဘုရား)။

ကဲ. . . ဝိပဿနာ ဒီဉစ္စာနဲ့ တစ်ခါတည်း တပည့်တော်တို့ ဘုရားရှေ့ကဖြစ်ပျက်၊ နောက်ကမင်္ဂဖြင့် ကိုက်ပါပြီဘုရားဆိုတော့ ဦးမာဒင်တို့ စဉ်းစား၊ ဒကာကြွယ်တို့ စဉ်းစားနော်. . . (မှန်ပါ့ဘုရား)။

အစကလာတဲ့ ပဋိစ္စသမုပ္ပါဒ်လာသေးသလား. . . (မလာပါဘုရား)၊ အလယ်ကစတဲ့ ပဋိစ္စသမုပ္ပါဒ်. . . (မလာပါ) အဆုံးက ပြန်ပတ်တဲ့ ပဋိစ္စသမုပ္ပါဒ်. . . (မလာပါ)၊ တစ်ခါတည်း ဆီမဖိတ်တော့ဘူး. . . (မှန်ပါ့ဘုရား)။

## သေပွဲတွေအကုန်ရပ်တယ်

ဆီမဖိတ်တော့ကို ဒကာ ဒကာမတို့ သံသရာ့ခရီးဆက်သေးရဲ့လား . . . (မဆက်ပါဘုရား)၊ သံသရာ့ခရီး မဆက်တော့ သေပွဲတွေ အကုန်ရပ်. . . (မှန်ပါ့ဘုရား)။

သံသရာခရီးမဆက်တော့ (သေပွဲတွေ အကုန်ရပ်ပါတယ်) သေပွဲတွေ အကုန်ချုပ်ငြိမ်း ရပ်သိမ်းပြီးသကာလ သွားတာဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ ဆီခွက်ဆီမှာသာ အာရုံစိုက်ထားလို့. . . (မှန်ပါ့)၊ ဒီမှာလဲ ဖြစ်ပျက်ဆီမှာသာ ကျုပ်တို့ မင်္ဂက သတ်ထားလို့ . . . (မှန်ပါ့ဘုရား)။

ဒီဥပမာကို သေသေချာချာ မှတ်ပါ၊ ဘုရားကပေးတဲ့ ဥပမာဖြစ်နေသောကြောင့် ဒကာကြွယ် ဒီအတိုင်း လုပ်ရင် မအောင်မြင်စရာ မရှိပါဘူး. . . (မှန်ပါ့ဘုရား)။

ကဲ. . . တစ်နာရီထိုင်မယ်ကွာ၊ နာရီဝက်ထိုင်မယ်ဟေ့ . . . (မှန်ပါ့) ဥပမာ အဖျင်းဆုံး ငါးသည် ခဲ့ မိနစ် ထိုင်မဟေ့ . . . (မှန်ပါ့)၊ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်သာလုပ်နေ. . . (မှန်ပါ့)။

## ရှုတာသိ၊ ရှိက်တာသိနေပါ

ကဲ. . . ဒီလိုမှ လုပ်လို့မရသေးဘူးဆိုလို့ရှိရင်လည်း 'ရှုတာကလေးသိနေ၊ ရှိုက်တာကလေးသိနေ၊ ပေါ်မှ တစ်ခါ တည်းဖြစ်ပျက်တွေလိုက်' . . . (မှန်ပါ့)။

'ရှုတာသိနေ၊ ရှိုက်တာသိနေရင်လည်း ဦးမာဒင် ဘေးသွားသေးသလား' . . . (မသွားပါဘုရား) ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဆီတွေ ထွက်သေးသလား. . . (မထွက်ပါ ဘုရား)။

ဩော်. . . ဒါဖြင့် နေရာကျပြီ၊ ဒါဖြင့် ထိုင်ကြမှ ရှုလိုက်၊ ရှိုက်လိုက် ရိုးရိုးပေ့ါဗျာ. . . (မှန်ပါ့) ရှုတာ ရှုစိတ်ကလေး ထွက်လာလည်းသိ၊ ရှိုက်တဲ့စိတ်ကလေး ဝင်လာတာလည်းသိ . . . (မှန်ပါ့)။

## စိတ်ပေါ်လာရင်ဖြစ်ပျက်ရှု

ဒီလိုသိနေရင်း မတ္တနဲ့မှ ဟိုစိတ်၊ ဒီစိတ်တွေ ဘုန်းကြီးပြောသွားတဲ့ စိတ်ဆယ့်သုံးစိတ်က တစ်ခုခုပေါ်လာရင် သူ့ဖြစ်ပျက်ပြန်ရှု. . . (မှန်ပါ့ဘုရား)။

ဖြစ်လိုက်၊ ပျက်လိုက်နဲ့ သူမရှိပြန်ဘူးဆိုရင် ရှုတဲ့ရှိက်တဲ့စိတ်ကလေး ပြန်လှည့်လိုက် . . . (မှန်ပါ့)၊ ရှုတဲ့စိတ်ကလေးကိုလည်း ဖြစ်ပျက်ရှုရင် ရှုလိုက်. . . (မှန်ပါ့)၊ ရှိက်တဲ့စိတ်ကလေးကိုလည်း. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ဝေဒနာပေါ်ရင်ဖြစ်ပျက်ရှု

ဒီချည်းပြန်ထိုင်ပြီးသကာလ ဝေဒနာပေါ်လည်း သုခလာလည်း ဖြစ်ပျက်ရှုလိုက်. . . (မှန်ပါ့)၊ ဒုက္ခလာရင် (ဖြစ်ပျက်ရှုရပါမယ်)၊ ဥပေက္ခာလာလည်း . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဟာ. . . ဘာမှမရှိဘူးဆိုရင် ရှုစိတ်၊ ရှိက်စိတ် ပြန်ပြီး ဖြစ်ပျက်ရှုနေ. . . (မှန်ပါ့) ဆိုတော့ ဒကာကြွယ်ရေ စိတ်ပြင်ဘက် ထွက်သေးရဲ့လား. . . (မထွက်ပါဘုရား)။

ဆီခွက်မှာချည်း ဒကာ ဒကာမတွေ မျက်လုံးက ဂရုစိုက်နေသလို ဆီဖိတ်ရင် အသတ်ခံရမှာစိုးသလို ဆီခွက်မှာ အကြီးအကျယ်ကြောင့်ကြသမှု ပြုပြီးသကာလ ဦးမာဒင် ဂရုစိုက်

နေ. . . (မှန်ပါ့)၊ ဆီဖိတ်ရင် အသတ်ခံရမှာ. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

သွားရမည့် ခရီးကတော့ဖြင့် အင်း. . . ဆီဖိတ်စရာတွေတော့ များသပေါ့ဗျာ. . . (မှန်ပါ့)၊ သို့သော် ကိုယ့်အတွက် သနားသဖြင့် ဒီပုဂ္ဂိုလ် ရာဇဝတ်သားသည် ဆီဖိတ်မှုတော့ သူ့အထူး ဂရုစိုက်မယ်. . . (မှန်ပါ့)။

မဖိတ်ရဘူးကွနော်ဆိုတဲ့ စိတ်ကို တစ်ခါတည်း မမွေးပေဘူးလား. . . (မွေးထားပါတယ်)၊ ဒကာကြွယ် သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဆီခွက်နဲ့ရှုစရာနဲ့တူတယ်

အဲဒီလိုပဲ ဒကာ ဒကာမတွေက ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်က ဝေဒနာဆီခွက်ဆီမှ တစ်ပါးဘယ်မှ မသွားနဲ့. . . (မှန်ပါ့) စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလည်း စိတ်ဆီခွက်ဆီမှ တစ်ပါး ဘယ်မှ မထွက်စေနဲ့. . . (မှန်ပါ့)၊ ထွက်ရင် ဆီဖိတ်တာနဲ့ အတူတူပဲ. . . (မှန်ပါ့)။

ဆီဖိတ်ရင် နောက်က သူသတ်ယောက်ျားနဲ့တူတဲ့ ခုနင်က ပဋိစ္စသမုပ္ပါဒ်သုံးခုက ဦးမာဒင် လာမလား၊ မလာဘူးလား. . . (လာမှာပါဘုရား)၊ တစ်ခုခုလာရလိမ့်မယ်နော်. . . (လာမှာပါဘုရား)။

## သတ်မည့်သူက ပဋိစ္စသမုပ္ပါဒ်တရား

တစ်ခုခုလာလို့ရှိရင်လည်း ကျုပ်တို့ အိုလို့ နာလို့ သေလို့ ဆုံးပါဦးမလား. .. (မဆုံးပါ)၊ အဲဒီတော့ သူသတ်သမားတွေ ဆိုတာ လာမည့်ပဋိစ္စသမုပ္ပါဒ်ကို ဆိုလိုက်ပါတယ်. . . (မှန်ပါ့)။

ဒီနေ့တရားက အင်မတန် အဖိုးထိုက်တန်ပြီး သကာလ နေတော့ အတော်ကို ဉာဏ်နားနဲ့ ထောင်မှသာလျှင် ကြော်. . . ဟုတ်ပါကလားဆိုတာ ဒကာကြွယ် ပေါ်လာတယ်. . . (မှန်ပါ့)၊ ဦးလှဘူး ရိပ်မိရဲ့လား. . . (ရိပ်မိပါပြီဘုရား)။

နောက်က ဒကာ ဒကာမတွေရော ရိပ်မိကြရဲ့လား. . . (ရိပ်မိပါတယ်ဘုရား)၊ ဆီခွက်နဲ့ ခင်ဗျားတို့ ရှုစရာနဲ့ တူပါတယ် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ရှုတဲ့ဉာဏ်နဲ့ရာဇဝတ်သားနဲ့တူတယ်

ဆီခွက်နဲ့ ရှုစရာတွေနဲ့တူပါတယ်. . . (မှန်ပါ့)၊ ရှုတဲ့ဉာဏ်နဲ့ ရာဇဝတ်သားနဲ့တူပါတယ်. . . (မှန်ပါ့)၊ နောက်က လိုက်နေတဲ့ ဓားတွေနဲ့ သန်လျက်တွေနဲ့ ဆီခွက်ဖိတ်ရင် သတ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေနဲ့ တူပါတယ် . . . (မှန်ပါ့)။

ဦးမာဒင် ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘယ်လောက် နက်နဲတယ်ဆိုတာ ပေါ်လာပလား: . . (ပေါ်လာပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီဆီခွက်ကို အသတ်ခံရမည့်လူသည် အလွန်အရေးတကြီး စောင့်ရှောက်ပြီး သကာလ ဒီပွဲမှ လွန်မြောက်အောင် သွားရသလိုပဲ. . . (မှန်ပါ့ဘုရား)။

ကျုပ်တို့သည် ဝေဒနာဆီခွက်. . . (မှန်ပါ့)၊ စိတ်ရှိတဲ့ ပုဂ္ဂိုလ်က စိတ်ဆီခွက်မှတစ်ပါး ဉာဏ်က ကျုပ်တို့ ဘယ်မှ မသွားဘဲနဲ့ အင်း. . . ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ရမယ်. . . (မှန်ပါ့) လုပ်ပြီးသကာလ နေမယ်ဆိုတော့ နောက်က ဆီစက်ကျရင် သတ်မယ်ဆိုတဲ့ ဥစ္စာ ပဋိစ္စသမုပ္ပါဒ်တွေက ပေါ်နိုင်သေးရဲ့လား . . . (မပေါ်နိုင်ပါဘုရား)။

မပေါ်နိုင်တော့ တဏှာဥပါဒါန်ကံကလဲချုပ်. . . (မှန်ပါ့) အဝိဇ္ဇာသင်္ခါရကလဲချုပ် . . . (ချုပ်ပါတယ်ဘုရား)၊ ဒုက္ခဒေါမနဿတွေကရော . . . (ချုပ်ပါတယ်ဘုရား)။

ဒါတွေက သတ်မည့်တရား. . . (မှန်ပါ့)၊ ဘဝများစွာ သတ်မယ် . . . (မှန်ပါ့) သဘောကျရဲ့လား. . . (ကျပါတယ်)၊ သတ်ခွင့်ရသေးရဲ့လား. . . (မရပါဘုရား)။

အင်း. . . ဘယ့်နှယ်ကြောင့် မရပါလိမ့်၊ ကျုပ်တို့က ဖြစ်ပျက် နဲ့ မဂ်နဲ့ကိုက်နေလို့. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ ဘယ်လိုပါလိမ့်. . . (ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေလို့ပါ)၊ ရှေ့က**အနိစ္စ**၊ နောက်က မဂ္ဂ. . . (မှန်ပါ့)၊ မြန်မလိုပြန်လိုက်တော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်တယ်. . . (မှန်ပါ့)။

စင်စစ်တော့ဖြင့် အနိစ္စနဲ့ မဂ္ဂနဲ့ သွားပြီးတော့ကို ကိုက်ညီနေလို့ဆိုတာကိုဖြင့် ဦးဗထွေးတို့၊ ဦးသန်းမောင်တို့ ငြင်းစရာ မလိုတော့ဘူး. . . (မလိုပါဘုရား)။

## တာရှည်လုပ်ရမှာလား

အဲဒါ တာရှည်လုပ်ရမှာလား ဘုရားလို့ဆိုတော့ ခင်ဗျားတို့ဗျာ တာရှည်မဟုတ်ပါဘူး ဒီပွဲကလေးကို လွန်ရုံတင်ပါ. . . (မှန်ပါ့ဘုရား)။

ဇနပဒကလျာဏီ ကနေတဲ့ပွဲ မကြည့်မိရုံပါ. . . (မှန်ပါ့) ဆိုတော့ ဦးမာဒင် သိပ်တာရှည်ကြီးလာတဲ့ လွန်ရုံပဲလား. . . (ဒီပွဲလွန်ရုံပါဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒီပွဲ လွန်တယ်ဆိုတဲ့ ဥစ္စာက ဒကာ ဒကာမတို့ ဖြစ်ပျက်၊ မြင်ဖို့ရယ်၊ ဖြစ်ပျက်မုန်းဖို့ရယ်. . . (မှန်ပါ့ဘုရား)၊ ဒီပွဲ လွန်သွားလို့ရှိရင် ဟိုဘက်က မဂ်ဆိုက်လာပြီဗျ။ ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ မဂ်လာပြီ. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မြင်ဖို့နဲ့ဖြစ်ပျက်မုန်းဖို့

ဖြစ်ပျက်မြင်ဖို့နဲ့ ဖြစ်ပျက်မုန်းဖို့ နှစ်ခုကလေးသာ ခင်ဗျားတို့ အရေးကြီးပါတယ်. . . (မှန်ပါ့ဘုရား)။

အဲဒါကလေးနှစ်ခုဘက်ပြီးလို့ရှိရင် ဟိုဘက်မဂ်ပေါ်တော့ ခင်ဗျားတို့ကသာလို့ သူသတ်ယောက်ျားတွေ လက်လျှော့ပြီး ပြန်ရပါတယ်. . . (မှန်ပါ့)၊ ကျုပ်တို့က မဂ်ဉာဏ်နဲ့ အလုံးစုံကို အောင်မြင်သွားပါပြီ . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ် ဒီပွဲကလေးလွန်အောင် ကြိုးစားဖို့ရာ ကျုပ်တို့က ဝန်လေးစရာမလိုပါဘူး. . . (မလိုပါ)၊ လိုသေးသလား. . . (မလိုပါဘုရား)။

ဒါဖြင့် ယနေ့ကစပြီး ဒီဥပမာအတိုင်း ဘုရားပေးတဲ့ ဥပမာအတိုင်း စိတ်ရှုတဲ့ပုဂ္ဂိုလ်က စိတ်ဆီခွက်ဆီမှ တစ်ပါး ကိုယ့်ဉာဏ်ဘယ်မှ မသွားစေဘူးကွ၊ ငါတစ်နာရီအတွင်း. . . (မှန်ပါ့) နာရီဝက်အတွင်း ဆယ့်ငါးမိနစ်အတွင်း. . . (မှန်ပါ့ဘုရား)။

အကယ်၍ ပြင်ဘက်ထွက်သွားတယ်ဆိုလိုက်ပါတော့ ပြင်ဘက်ထွက်သွားတယ်လို့ဆိုလို့ရှိရင် ဘုန်းကြီးက သတိပေးလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## သားဘက်၊ သမီးဘက်ရောက်သွားတယ်

သားဘက်ရောက်သွားတယ်ဘုရေ့၊ သမီးဘက် ရောက်သွားတယ်ဘုရေ့၊ အလုပ်အကိုင်ဘက်ရောက်သွားတယ်၊ ဟော

. . . ဒါကိစ္စမရှိပါဘူး၊ ဒကာ ဒကာမတွေ ကိစ္စမရှိဘူး၊ သူ့ကိုပင် လျှင် ဖြစ်ပျက်ပြန်ရှုလိုက်. . . (မှန်ပါ့) သူ ဆီခွက်ပြန်တည့်ဖြစ်တာ ပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

သူ့ကိုဝင်လာကတည်းက ဖိတ်မည့်တရားကိုပင်လျှင် မဖိတ်စေအောင် တစ်ခါတည်းပြန်ထိန်းလိုက်တယ်. . . (မှန်ပါ့) ဒီဘက်က နည်းနည်းတော့ တစ်ခါတည်းစောင်းသွားတယ်. . . (မှန်ပါ့ဘုရား)၊ ဖိတ်တော့မည့်ဆဲဆဲမှာ ပြန်တည့်ပြန်တော့လည်း ဒကာကြွယ် မရဘူးလား. . . (ရပါတယ်ဘုရား)။

## ပေါ်ရာကို ရှုနေလိုက်ပါ

ထို့အတူပဲ. . . တဲ့၊ ကြားထဲမှာ သားစိတ်၊ သမီးစိတ်၊ ဆွေစိတ်၊ မျိုးစိတ်ကလေးတွေတော့ သူလာချင်လာပစ်လိုက်မယ် . . . (မှန်ပါ့) အရောင်းအဝယ်စိတ်ကလေးတွေရော. . . (လာ ချင်လာမှာပါဘုရား)၊ လာချင်လာမယ် ပြန်တည့်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

ဆီခွက်ပြန်တည့်သလို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက လာတဲ့စိတ်ကို ဖြစ်ပျက်ပြန်ရှုလိုက်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

လာတဲ့စိတ်ကို. . . (ဖြစ်ပျက်ပြန်ရှုရပါမယ်ဘုရား)၊ လာတဲ့စိတ်ဖြစ်ပျက်ပြန်ရှုပြီးတော့မှ ဆီခွက်ပြန်တည့်တယ်. . .

(မှန်ပါ့)၊ ဖိတ်တဲ့ဆီတွေ ပြန်စုသလို ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်က ဝေဒနာသုံးပါးလှည့်ရှု. . . (မှန်ပါ့)၊ စိတ်ကြိုက်တဲ့သူက စိတ်ဆယ့်သုံးပါးကို. . . (ရှုရပါမယ်ဘုရား)၊ အဲ. . . ပေါ်ရာကိုရှုနေလိုက် . . . (မှန်ပါ့)။

ဒီလိုဆိုတော့ ဆီခွက်စောင်းပြန်တာတောင်မှ ဆရာဘုန်းကြီးကလည်း မဖိတ်အောင် ပြန်ဖြီးသကာလ ကယ်ယူတဲ့ ဉာဏ်ကို ပေးပြန်တော့ ဦးမာဒင် အသတ်ခံရဖို့ အရေးဟာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒီထက် နည်းကောင်းတော့ဖြင့် ဦးဗထွေးတို့၊ ဦးသန်းမောင်တို့ ဒကာကြွယ်တို့ ရှိကိုမရှိဘူး. . . (မှန်ပါ့)၊ ရှိသေးရဲ့လား (မရှိပါဘုရား)။

## ဆီခွက်ပြန်တည့်လိုက်ပါ

ဖိတ်သွားမည့်ဆီဟာ နည်းနည်းစောင်းရိပ်ကလေးရှိတယ်ဆိုလို့ရှိရင် ကိုယ်က စိတ်ကလေးက ဖြစ်ပျက်ဆီမှ တစ်ပါးတခြားကို အင်း. . . သားကလေးများ ဘယ်လိုနေပါလိမ့်၊ သမီးကလေးများ ဘယ်လိုနေပါလိမ့်၊ အရောင်းအဝယ်ဘယ်လိုများဖြစ်နေသလဲ၊ ရန်ကုန်ဘယ်လိုနေပါလိမ့်၊ မန္တလေးက ဘာဖြစ်နေပါလိမ့်၊ ဒီစိတ်ကလေး ဖြစ်လာတာတောင်မှ ဩော်. . . ဒါ

ကြားစိတ်ပါလား၊ ကြားစိတ်ဖြစ်ပျက်ရှု. . . (မှန်ပါ့)၊ ဆီခွက် ပြန်တည့်လိုက်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာလုပ်လိုက်ပါလိမ့်. . . (ဆီခွက်ပြန်တည့် လိုက်ပါတယ်ဘုရား)၊ ဩော်. . . ဆီခွက်ဟာ ပြန်တည့်လိုက်တော့လည်း မဖိတ်ဘဲနေတယ်. . . (မှန်ပါ့)၊ ဖိတ်မှာလည်းစိုးတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဘာစိုးရိမ်ရသလဲ. . . (ဖိတ်မှာပဲစိုးရိမ်ရပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးသင်ထားတာဖြင့် ဦးမာဒင်တို့ ဦးဗထွေးတို့ ဘာလိုသေးသတုံး. . . (မလိုပါဘုရား) မလိုဘူး၊ ဘာ့ကြောင့်မလိုသတုံးဆိုတော့ တပည့်တော်တို့ စိတ်က ဘုရာ့. . . ဝိပဿနာရှုတယ်ဆိုပြားသော်လည်း အခုမှ ကျင့်ရ ကြံရတော့ မလွယ်ဘူးဘုရာ့၊ ခင်ဗျားတို့ပြောရင် ဒါပဲ ပြောမယ် . . . (မှန်ပါ့)။

ဒါပဲပြောမှာပဲ. . . (မှန်ပါ့)၊ အို. . . လွယ်တယ်၊ ထွက်ပြေးတဲ့စိတ် ဥပမာ ဒီနေရာ ဖြစ်ပျက်ကို ရှုနေရာမှ သားဘက်စိတ်ရောက်သွားတယ်. . . (မှန်ပါ့)၊ ဒါဖြင့် အဲဒီသားဘက် အာရုံပြုတဲ့စိတ်ကလေး ဖြစ်ပျက်ရှုလိုက်. . . (မှန်ပါ့)။

သမီးဘက် စိတ်ရောက်သွားတယ်ဆိုတော့. . . (အဲဒီစိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ သမီးကို အာရုံပြုတဲ့စိတ်ကလေး ကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ပျင်းတဲ့စိတ်ဖြစ်ပျက်ရှု

ဒီစိတ်ကလေးက ပျင်းလာတယ် တပည့်တော် ရှုရတာ ပျင်းလာပြီဘုရား့ဆိုရင် ပျင်းတဲ့စိတ်ကလေး ဖြစ်ပျက်ရှု. . . (မှန်ပါ့ဘုရား)။

တပည့်တော်တို့က ရှုနေရာက ကြာတော့ ငိုက်ချင်တယ် ဘုရား့၊ အို. . . ငိုက်တဲ့စိတ်ဖြစ်ပျက်ရှုလိုက်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ငိုက်တဲ့စိတ်ဖြစ်ပျက်ရှု

ငိုက်ရင် ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ငိုက်တဲ့စိတ်ကလေးဖြစ်ပျက်ရှုပြီး ငိုက်တဲ့အထည်ကြီးကို မရှုနဲ့ . . . (မှန်ပါ့)၊ အတွင်းမှာ ငိုက်မျဉ်းတဲ့စိတ်ကလေးကိုရှု. . . (မှန်ပါ့)၊ အဲဒီစိတ်ကလေး ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေး. . . (မှန်ပါ့)။

ဒီအထဲမှာ ကြားပေါက်က ဟိုပေးချင်၊ ဒီကမ်းချင်တဲ့စိတ်ကလေးကလည်း ဦးမာဒင်တို့က လာသေးတယ်. . . (လာပါတယ်ဘုရား)၊ အဲဒါ ကလေးလည်းသူ ဆီဖိတ်တာပဲ. . . (မှန်ပါ့)၊ ဖြစ်ပျက်နဲ့ လွဲသွားရင် ဆီဖိတ်တာပဲ. . . (မှန်ပါ့)။

## ပေးကမ်းချင်တဲ့စိတ်ဖြစ်ပျက်ရှု

အဲ. . . ပေးချင်ကမ်းချင်တဲ့ စိတ်ကလေးလာလည်း ဘာ လုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဒီလိုဆိုတော့ ဆီခွက် ပြန် ပြန်တည့်တယ်. . . (မှန်ပါ့)၊ ဆီခွက်ကို ပြန်ပြန်တည့်တယ်. . . (မှန်ပါ့)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဩော်. . . ဒါဖြင့် တို့သည်ကားလို့ဆိုရင်ဖြင့် ဖိတ်မှာကို လည်း ပြန်တည့်တဲ့နည်းပေးပြီး. . . (မှန်ပါ့) တို့ဖြင့် မသေရာ မှန် ပြည်နိဗ္ဗာန်ရောက်တော့မယ်. . . (မှန်ပါ့)။

နောက်က ပဋိစ္စသမုပ္ပါဒ်တွေက အသေဆက်မည့် ပဋိစ္စသမုပ္ပါဒ်တွေက တန်းပြီးလာမှာလဲ ကျုပ်တို့က လာခွင့် မပေးတော့ဘူး. . . (မပေးတော့ပါဘုရား) ဒကာသစ် ပေးသေး သလား. . . (မပေးပါဘုရား)။

မပေးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော် . . . အသေဖြင့် လွတ်ပေပေါ့. . . (မှန်ပါ့)။

## ဒိနှစ်ဉာဏ်လွန်ရင်မပူပါနဲ့

ဒါကြောင့် ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ် နှစ်ဉာဏ်လွန်လို့ရှိရင် ဒကာကြွယ်တို့ ဦးသန်းမောင်တို့ မပူပါနဲ့ . . . (မှန်ပါ့) ချက်ချင်း မဂ်ဆိုက်တယ်. . . (မှန်ပါ့)။

ချက်ချင်း မဂ်ဆိုက်တယ်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် သူသတ်ယောက်ျားကို မင်းတို့ပြန်တော့ဆိုတာနဲ့ အတူတူပဲ. . . (မှန်လှပါ)၊ ငါဒီပွဲတွေ ကျော်ခဲ့ပြီး. . . (မှန်ပါ ဘုရား)။

မင်းတို့ရှင်ဘုရင်က အမိန့်ပေးလိုက်တာက ဒီပွဲအတွင်း မှာ ဖိတ်မှသာလျှင် ဖိတ်တဲ့နေရာ သတ်စေကိုး. . . (မှန်ပါ)၊ အခုတော့ ဒီပွဲကျော်သွားတယ်ဆိုကတည်းက ဖိတ်သေးရဲ့လား . . . (မဖိတ်ပါဘုရား)။

မဖိတ်တော့ကို ခုနင်က ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုနေ တုန်းဖြင့် အပြင်ထွက်မှာစိုးရတယ်. . . (မှန်ပါ)၊ ဖြစ်ပျက် မုန်းနေ တုန်းကို. . . (အပြင်ထွက်မှာစိုးပါတယ်ဘုရား) (ဝါ) ဆီဖိတ်မှာ စိုးရတယ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ)။

အဲဒီနှစ်မျိုး ကျော်သွားလို့ရှိရင် ဦးမာဒင် ဟိုဘက်ကပွဲကျ တော့ ပူစရာလိုသေးသလား. . . (မလိုပါဘုရား)၊ ဟိုဘက်က ကိုယ်က သတ်နိုင်တဲ့ပွဲတောင် ရောက်ပါတယ်. . . (မှန်ပါ)။

သူသတ်ယောက်ျားတွေ မင်းတို့ပြန်ကြတော့ဆိုတဲ့ ပွဲတောင်ကိုယ်က ခင်းနိုင်ပါပြီ. . . (မှန်ပါ)၊ ဒကာကြွယ် သိပ်အဖိုး တန်ပါလား. . . (တန်ပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

## စိတ်ပြင်ဘက်မထွက်အောင် ဝိပဿနာရှုနည်း

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ ဘာသင်ပါလိမ့်မလဲလို့ ဒကာကြွယ်တို့၊ ဦးမာဒင်တို့ မေးရင် ဘယ့်နှယ့်ဖြေကြပ့ါမလဲ. . (ဆီခွက်ယူတဲ့လူ ဥပမာသင်ပါတယ်ဘုရား)၊ ဆီခွက်သင်တာ မဟုတ်ဘူး. . . (မှန်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဝိပဿနာရှုနည်း စိတ်ပြင်ဘက်မထွက်အောင်. . . (မှန်ပ့ါဘုရား)၊ ဝိပဿနာဖြစ်ပျက် ဆီခွက်ကို ခင်ဗျားတို့ မင်္ဂနဲ့ ကိုက်အောင်လုပ်. . . (မှန်ပ့ါဘုရား)၊ စိတ်အပြင်ဘက်မထွက်စေနဲ့၊ အပြင်ထွက်ရင် ဆီခွက်စောင်းတာပဲ. ... (မှန်ပ့ါ)။

စောင်းရင်လဲမပူနဲ့၊ စိတ်အပြင်ထွက်သွားတော့ အပြင်ထွက်တဲ့စိတ် စောင်းတဲ့စိတ်ကို ဦးမာဒင် ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒီလိုဆိုတော့ ပြန်တည့်ပြီးသားဖြစ်တယ်. . . (ဖြစ်ပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒကာကြွယ် သဘောပါပလား. . . (ပါပါပြီဘုရား)၊ ဘယ်လိုပါတုံး. . . (ဖြစ်ပျက်နဲ့ မင်္ဂနဲ့ တည့်ရပါမယ်) စိတ်က အပြင်ဘက်မထွက်ဖို့. . . (မှန်ပ့ါ)။

## အပြင်ထွက်တဲ့စိတ်ဖြစ်ပျက်ရှုပါ

အကယ်၍ ထွက်ယောင်ကလေး စောင်းသွားရင် ဘယ့်နှယ်လုပ်မလဲ. . . (ဖြစ်ပျက်ရှုရပါမယ်) တစ်ခါတည်း

ထွက်သွားတဲ့စိတ် ဖြစ်ပျက်ရှု. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

ဒီလိုဆိုတော့ကို ဒကာကြွယ်၊ ဒကာသစ်တို့ စောင်းပေမယ့် သတိရလို့ ကိုယ်သတိရလို့ ပြန်တည့်လိုက်တာနဲ့ပဲ . . . (မှန်ပါ့) ဆီခွက်စောင်းမည့်ဆဲဆဲ ပြန်တည့်လိုက်ပြန်တော့လည်း ဖိတ်ရသေးရဲ့လား. . . (မဖိတ်ရပါ)၊ ဒကာကြွယ် သိပ်အဖိုးတန်ပါကလား. . . (တန်ပါတယ်ဘုရား)။

## ဘယ်နှစ်မျိုးကျော်ပြီးသွားရမှာတုံး

ဘယ်နှစ်မျိုးကျော်ပြီးတော့ သွားရမှာတုံးလို့ မေးတော့ (၁) လူအုပ်ကြီးရယ်၊ (၂) ဇနပဒကလျာဏီပွဲရယ်. . . (မှန်ပါ့)၊ ဒီနှစ်မျိုး ကျော်လို့ရှိရင် ဟိုဘက်မှာ ကျုပ်တို့ သေပွဲလွတ်ပြီ . . . (မှန်ပါ့) ဟိုဘက်ကျတော့ ကျုပ်တို့အောင်ပြီ. . . (မှန်ပါ့)။

ဒီမှာလဲ ယထာဘူတဉာဏ်ဆိုတဲ့ ဖြစ်ပျက်မြင်တဲ့ ဉာဏ်နဲ့ ပွဲမှာ မဖိတ်စေနဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) နိဗ္ဗိန္ဒဉာဏ်ပွဲမှာ အပြင်မထွက်စေနဲ့ . . . (မှန်ပါ) ဟိုဘက်ကျတော့ မဂ်ပွဲကျတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီးကို မြင်ရတဲ့ပွဲကျတော့ ဦးမာဒင်တို့၊ ဦးဗထွေးတို့ ဘာပူစရာရှိသေးသတုံး. . . (မရှိပါဘုရား)။

အောင်ပြီ သောတာပန်တည်ပြီ. . . (မှန်ပါ) ဘာပူစရာ ရှိသေးသတုံး ဒကာ ဒကာမတို့. . . (မရှိပါဘုရား)။

အဲ. . . ဒါဖြင့် ဒကာကြွယ် အရလုပ်လိုက်ပါ. . (မှန်ပါ) နောက်က ဒကာ ဒကာမတွေ. . . (အရလုပ်ရပါမယ်ဘုရား)။

ဘာဖြစ်လို့ အရလုပ်ရသတုံးမေးတော့ ဪ. . . တစ်သံသရာလုံးဟာ ဆီဖိတ်လို့ အသတ်ခံခဲ့ရတယ်. . . (မှန်ပါ)။

## တစ်သံသရာလုံးဆီဖိတ်ခဲ့လို့

တစ်သံသရာလုံးကဖြင့်. . . (ဆီဖိတ်လို့ အသတ်ခံခဲ့ရပါတယ်ဘုရား) ဆီဖိတ်လို့ အသတ်ခံခဲ့ရတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်တွေက ဒီကြားထဲမှာ အများကြီးသွားနေလို့ **ဇာတိ၊ ဇရာ၊ မရဏ**၊ **ဇာတိ၊ ဇရာ၊ မရဏ**ဆိုတာ သတ်ပွဲတွေ နည်းသလား . . . (မနည်းပါဘုရား) **အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ** ဟုတ်လား. . . (မှန်ပါ)။

**သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဇာတိ၊ ဇရာ၊ မရဏ**၊ လာပြန်ပြီ၊ သတ်ပွဲတွေက နည်းသလား. . . (မနည်းပါဘုရား) **အဝိဇ္ဇာ၊ သင်္ခါရ၊ ဇာတိ၊ ဇရာ၊ မရဏ**ရော. . . (မနည်းပါဘုရား)၊ ဒါဘာပွဲတွေတုံး. . . (သတ်ပွဲတွေပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြစ်လို့ရှိရင်ဖြင့် ဦးမာဒင်ကြီး မှတ်လိုက်စမ်းပါ၊ သတ်ပွဲချည်းပဲ. . . (မှန်ပါဘုရား)၊ သေပွဲချည်းပဲ. . . (မှန်ပါ) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒီနှစ်မျိုးကလေး ကျော်အောင်တော့ ဖြင့် ဒကာ ဒကာမတို့ ဆီမဖိတ်ပါစေနဲ့. . . (မှန်ပါ့) ဒီနှစ်မျိုး ကလေးကျော်အောင်ဖြင့် လုပ်ဖြစ်အောင်လုပ်ပါ. . . (မှန်ပါ့)။

## ဒီနှစ်မျိုးကျော်ရင် ကိုယ်ကအောင်ပြီ

ဘာဖြစ်လို့တုံးဆိုတော့ ဒီနှစ်မျိုး ကျော်ရင် ကိုယ်က အောင်ပြီ. . . (မှန်ပါ့) ဒီနှစ်မျိုးအတွင်း ဖိတ်ရင်ဖြင့် ကိုယ်အသေ ခံရလိမ့်မယ်. . . (မှန်ပါ့)။

ဒကာကြွယ် သဘောပါပလား. . . (ပါပါပြီဘုရား) ကိုယ်က အသေခံရမှာ အင်မတန်ကြောက်စရာ ကောင်းတယ် . . . (ကောင်းပါတယ်ဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာသစ်ရေ နှစ်မျိုးကလဲ (၁) ယထာဘူတဉာဏ် တစ်မျိုး (၂) နိဗ္ဗိန္ဒဉာဏ် (တစ်မျိုးပါဘုရား)။

အဲဒီနှစ်မျိုးကျော်ပြီးလို့ရှိရင် မဂ်ပွဲကျလာတော့ ကျုပ်တို့က ကိုယ်ပိုင်ရတယ်. . . (မှန်ပါ့)၊ သတ်တဲ့လူတွေ ပြန်သွားရတယ်. . . (မှန်ပါ့) မပြန်ရသေးဘူးလား. . . (ပြန်ရပါ တယ်ဘုရား)။

ဘာဖြစ်လို့တုံး ရှင်ဘုရင်က အမိန့်ပေးတာကိုး၊ ဒီနှစ်မျိုး ထဲသွား၊ ဒီအထဲဖိတ်လို့ရှိရင် သတ်ပါကိုး. . . (မှန်ပါ့)၊ ဒီနှစ်မျိုး

ပြင်ဘက်ရောက်သွားတဲ့အခါကျတော့ သတ်နိုင်သေးရဲ့လား . . . (မသတ်နိုင်ပါဘုရား)၊ အာဏာစက်ကုန်သွားပြီ. . . (မှန်ပါ့)။

## မဂ်ဉာဏ်ရတော့အာဏာစက်ကုန်ပြီ

ဒါ့ကြောင့် မဂ်ဉာဏ်ရတော့ ဒကာ ဒကာမတို့ အာဏာစက်ကုန်ပါပြီ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့်ဗျာ ဒီအတွင်းကလေးမှာ ဆီခွက် ငြိမ်ငြိမ်ကိုင်ပြီး သကာလ မဖိတ်စေဘူး၊ မဖိတ်စေဘူးဆိုပြီးသကာလ ဒကာ ဒကာမတို့ အင်း. . . ဒါလဲ အနိစ္စပဲ၊ အနိစ္စဖြစ်လိုက် သိလိုက်၊ အနိစ္စဖြစ်လိုက် သိလိုက် အနိစ္စဖြစ်လိုက် သိလိုက်ဆိုတော့ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ဆီဖိတ်သေးရဲ့လား . . . (မဖိတ်ပါဘုရား)၊ တယ်လဲ အဖိုးတန်ပါကလား. . . (အဖိုးတန်ပါတယ်ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ ပြလို့ရတဲ့ **တေလပတ္တ ဝတ္ထု**ဆိုတာ ဦးမာဒင် ဒါမှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

## သေပွဲချည်းဝင်မှာသိပ်စိုးရိမ်တယ်

မင်းတို့ မရှုတတ်မှာ တကယ်လို့ ဆီဖိတ်လို့ရှိရင် မင်းတို့ အသတ်ခံရမည့်ပုံတွေ ပဋိစ္စသမုပ္ပါဒ်တွေ လာမှာစိုးရိမ်လို့ အင်မတန့်-အင်မတန် ညာဏ်တော်ကြီးနဲ့ သားတော် သမီးတော်တွေဖြစ်တဲ့ ဒကာ ဒကာမတွေကို သေပွဲချည်းဝင်မှာ သိပ်စိုးရိမ်တယ်. . . (စိုးရိမ်ပါတယ်ဘုရား)၊ မစိုးရိမ်ဘူးလား. . . (စိုးရိမ်ပါတယ်ဘုရား)။

စိုးရိမ်လို့ ဒီအတိုင်း မင်းတို့ ဒီဆီခွက်ကိုသာ ဒီနှစ်မျိုး ကျော်အောင်သာ စောင့်ရှောက်သွားတော့ဟေ့၊ မင်းတို့ သေပွဲတွေဟူသရွေ့ အကုန်လွတ်ပြီ. . . (မှန်ပါ့)၊ ဆိုတော့ ဒါလောက် ကလေး ကျုပ်တို့က စည်းစောင့်ရမှာကို ဦးမာဒင်တို့က အတော်ခက်တယ်လို့များ လုပ်ချင်သေးသလား. . . (မလုပ်ချင်ပါဘုရား)၊ လူကြီးစကား သုံးကြစမ်းပါ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာစကားသုံးရမှာတုံး. . . (လူကြီးစကား သုံးရမှာပါ)၊ ဟဲ. . . ဒါလောက်ဆိုရင် တာဝန်လေးစရာ ဘာရှိသတုံး ဘုရာ့၊ ဒီဥစ္စာ ဒီနှစ်မျိုး ကျော်ဖို့ရာပဲ၊ ဒီနှစ်မျိုးကလဲ ဖြစ်ပျက်မြင်တာက ယထာဘူတညာဏ်ပဲ. . (မှန်ပါ့) ဒီနှစ်မျိုးအတွင်းမှာ ပဋိစ္စသမုပ္ပါဒ်မလာစေနဲ့. . . (မှန်ပါ့)။

နောက်တစ်ခါ ဖြစ်ပျက်တွေ မုန်းလာတဲ့ဉာဏ်ရင့်လာတော့ နေ့လည်ကပြောသလို ဒုတိယ အောင်မြင်တာပဲ . . . (မှန်ပါ့)။

## ဒုက္ခအဆုံးမြင်တဲ့ဉာဏ်ကမဂ်ဉာဏ်

ဟိုက တတိယက ဖြစ်ပျက်လဲမုန်းတော့ မုန်းပြီးသည်၏ အခြားမဲ့၌ ဒကာသစ် ဒုက္ခ ဆုံးသွားဟယ်. . . (မှန်ပါ့) ဒုက္ခတွေ ဆုံးသွားတော့ ဒုက္ခအဆုံးမြင်တဲ့ဉာဏ်က မဂ်ဉာဏ် . . . (မှန်ပါ့)၊ ဒကာ ဦးလှဘူး ဟုတ်ပလား. . . (မှန်လှပါဘုရား)။

အဲဒီမဂ်ဉာဏ်ရတဲ့အခါကျတော့ ကျုပ်တို့ အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ကျုပ်တို့မဂ်ဉာဏ်က ဖြတ်လိုက်ပြီ. . . (မှန်ပါ့) **အနူ၊ အရူး၊ အဝဲ** ဖြစ်ရမည့် ဘဝတွေရော (မဂ်ဉာဏ်က ဖြတ်လိုက်ပါတယ်ဘုရား)၊ မဂ်ဉာဏ်က ဖြတ်လိုက်ပါပြီ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

မဂ်ဉာဏ်နဲ့ ဖြတ်လိုက်တဲ့အတွက် ကျုပ်တို့မှာ အနူအဖြစ်၊ အရူးအဖြစ်၊ အဝဲဖြစ် အပါယ်လေးပါးအဖြစ်နဲ့ သေပွဲတွေ ဆီမဖိတ်တဲ့ပုဂ္ဂိုလ်မို့ အကုန်လွတ်ပါပြီ. . . (လွတ်ပါပြီဘုရား) မလွတ်သေးဘူးလား. . . (လွတ်ပါပြီဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ငြိမ်ငြိမ်နေစမ်းပါ၊ လက်မဆော့စမ်းပါနဲ့

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်နှစ်မျိုး ကျော်ရမှာတုံး. . (နှစ်မျိုးကျော်ရမှာပါဘုရား)၊ ဒါကလေးဖြင့် ငြိမ်ငြိမ်ကိုင်ထားပေါ့ဗျာ. . . (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြသလဲ. . . (ငြိမ်ငြိမ်ကိုင်ရပါ့မယ်ဘုရား)၊ ငြိမ်ငြိမ်နေစမ်းပါ ဒကာကြွယ်ရ. . . (မှန်ပါ့)။

လက်မဆော့စမ်းပါနဲ့. . . (မှန်ပါ့)၊ မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေရော ဒီဆီခွက် ဘယ့်နှယ်လုပ်ကြမလဲ. . . (ငြိမ်ငြိမ်ကိုင်ရပါမယ်ဘုရား)၊ ငြိမ်ငြိမ်ကိုင် မျက်လုံးကလဲ ဆီခွက်ဆီတည့်ထားနော်. . . (မှန်ပါ့)၊ မတည့်လို့ မျက်လုံးစောင်းရင် ဘာဖြစ်မတုံး. . . (ဖိတ်မှာပါဘုရား)၊ အဲ. . . ဖိတ်သွားလိမ့်မယ်၊ ဖိတ်သွားရင် နောက်က သတ်မှာပဲ ဆိုတာက မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## စောင်းသွားတုန်းတော့ မသတ်နိုင်ဘူး

အဲဒီတော့ စောင်းသွားတုန်းလည်း သူမသတ်နိုင်ဘူး . . . (မှန်ပါ့) ဖိတ်သွားမှ သူသတ်မှာ. . : (မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့စိတ်က သားဘက်စောင်းသွား၊ သမီးဘက်စောင်းသွား၊ ဝိပဿနာဘက်မနေဘဲနဲ့ ဒကာသစ်ရေစီးပွားရေးဘက် စောင်းသွား. . . (မှန်ပါ့ဘုရား) စောင်းရင်

ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တော့ ပြန်တည့်တာ. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့. . . (ပြန်တည့်ပါတယ်) ပြန်တည့်တော့ ဆိမ့်မှမဖိတ်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဦးမာဒင် တန်းသေးရဲ့လား. . . (မတန်းပါဘုရား)၊ မတန်းလို့ရှိရင် အိုပွဲ နာပွဲ၊ သေပွဲတွေ သူဆင်နိုင်သေးရဲ့လား. . . (မဆင်နိုင်ပါဘုရား)၊ တဏှာရှိရင် ဥပါဒါန် ကံ ဇာတိ ဇရာ မရဏ သူသေပွဲသွားရဦးမယ်. . . (မှန်ပါ့) မသိလိုက်လို့ရှိရင်သာ ဖိတ်သွားတဲ့ သဘောနဲ့ အဝိဇ္ဇာကနေပြီး သင်္ခါရ၊ သင်္ခါရကနေပြီး ဝိညာဏ်၊ ဝိညာဏ်ကနေပြီး ဇာတိ ဇရာ မရဏ သေပွဲ . . . (မှန်ပါ့ဘုရား)။

တစ်ခါ ဒုတိယ၊ တတိယ ဖိတ်သွားပြန်လို့ရှိရင်လဲ ဒေါသဖြစ်လို့ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ သေပွဲတွေ မလာပေဘူးလား. . . (လာပါတယ်ဘုရား) အင်း. . . ဒါဖိတ်မှ လာတာ. . . (မှန်ပါ့ဘုရား)။

## စောင်းနေတာတည့်ပေးပါ

ဒကာကြွယ် ဘာတဲ့တုံး. . . (ဖိတ်မှလာတာပါ) စောင်းရုံကလေး စောင်းပြီးနေတာ တည့်လိုက်တော့. . . (မလာပါဘုရား)။

ဩော်. . . ဒါဖြင့် ကျုပ်တို့ ဆီခွက်မဖိတ်တဲ့ အထဲ အပါအဝင် ဖြစ်ပါတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီနှစ်မျိုးကလေးကို နွဲ့ဖို့ရာဟာ ကိုယ့်အသက်သနားလို့ အဖန်ဖန်သေရမှာ သနားရင် ဒီနှစ်မျိုးကို အောင်ပွဲလုပ်လိုက်. . . (မှန်ပါ့)။

ဒီနှစ်မျိုးကို . . . (အောင်ပွဲ လုပ်ရပါမယ်ဘုရား)၊ ကိုယ် ကအောင်မြင်သည့်တိုင်အောင် ဒကာကြွယ် လုပ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ဦးလှဘူး နေရာကျပလား. . . (ကျပါပြီ)၊ ဒကာသစ် နေရာကျပလား. . . (ကျပါပြီ) ဘယ်နှစ်မျိုးတုံးဗျ (နှစ်မျိုးပါ ဘုရား) ဒီနှစ်မျိုးအတွင်း မဖိတ်ရင် ပြီးတာပဲ. . . (မှန်ပါ့)။

နှစ်မျိုးအတွင်း. . . (မဖိတ်ရင်ပြီးပါတယ်ဘုရား)၊ အဲဒါက **မဟာဝဂ္ဂသံယုတ်ပါဠိတော်**မှာ လာတယ်လို့ မှတ်လိုက်. . . (မှန်ပါ့ဘုရား)။

**အင်္ဂုတ္တိုရ်ပါဠိတော်**ကလာတာ နည်းနည်းပြောလိုက်ပါ ဦးမယ်. . . (မှန်ပါ့) တစ်ထပ်တည်း၊ တစ်ထပ်တည်း. . . (မှန်ပါ့) ပါဠိတော်ဆိုလို့ရှိရင် ဒကာ ဒကာမတွေ ဘုရားကိုယ်တော်တိုင် ဟောတာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

## ဆီခွက်မပိတ်အောင်နေနိုင်တဲ့နည်း

ပါဠိတော်ဆိုရင်. . . (ဘုရားကိုယ်တော်တိုင် ဟောတာပါ)၊ အခု **တေလပတ္တဝတ္ထု**၊ ဆီခွက်မဖိတ်အောင် နေနိုင်တဲ့နည်းဟာ **မဟာဝဂ္ဂသံယုတ်ပါဠိတော်**ဆိုသောကြောင့် ကိုယ်တော်တိုင် ဟောတာ. . . (မှန်ပါ့) နောက်တစ်ခါ **အင်္ဂုတ္တိုရ်ပါဠိတော်**မှာ ဒါနဲ့ အလားတူ ကိုယ်တော်တိုင် ဟောလိုက်သေးတယ်. . . (မှန်ပါ့)။

မင်းတို့ကွာ. . . တဲ့ ဖြစ်ပျက်ရှုနေတုန်းကို ကိလေသာကြားမခိုစေပါနဲ့. . . တဲ့. . . (မှန်ပါ့) ဒါက အင်္ဂုတ္တိုရ်မှာ လာတာ. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက် ရှုနေတုန်းကို. . . (ကိလေသာကြားမခိုပါစေနဲ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ကိလေသာကြားမခိုစေနဲ့

ဖြစ်ပျက် မှုန်းနေတုန်းလည်း ကိလေသာ ကြားမခိုစေနဲ့၊ ကိလေသာ ကြားမခိုလို့ရှိရင်ကွာ. . . တဲ့ ဒီတစ်နာရီ၊ နာရီဝက်အတွင်းပဲ ရပါတယ်. . . တဲ့. . . (မှန်ပါ့) ဒါက အင်္ဂုတ္တိုရ်က လာတာ. . . (မှန်လှပါဘုရား)။

လိုရင်းတော့ ဦးမာဒင် တွေးလိုက်စမ်းပါ အတူတူပါပဲ . . . (မှန်ပါ့)၊ ကိလေသာ ကြားမခိုရင် ရတယ် ပြောတာပဲ. . . (မှန်ပါ့)၊ ဒကာကြွယ် ရိပ်မိပြီ. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်မှာလဲ ကိုယ်တော်တိုင် ဟောတာပဲဆိုတာ သေချာပါတယ်. . . (သေချာပါတယ်ဘုရား)၊ အခုမဟာဝဂ္ဂသံယုတ်ပါဠိတော်မှာလည်း ကိုယ်တော်တိုင် ဟောတာပဲ. . . (မှန်ပါ့)။

ဟိုကတော့ ကိလေသာ ကြားမခိုစေနဲ့၊ ဒီကတော့ ဆီခွက်မဖိတ်စေနဲ့. . . (မှန်ပါ့)၊ အတူတူပဲဗျ. . . (မှန်ပါ) ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

## ကြားမခိုရင်၊ ချက်ချင်းရမယ်

ဟို. . . အင်္ဂုတ္တိုရ်ပါဠိတော်ကတော့ ဘာတဲ့. . . (ကိလေသာကြားမခိုပါစေနဲ့)၊ ဝိပဿနာရှုနေတုန်း၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်နေတုန်း ကိလေသာ ကြားမခိုစေနဲ့ကွတဲ့. . . (မှန်ပါ့) ကြားမခိုရင် မင်းချက်ချင်း အားထုတ်၊ ချက်ချင်းရမယ်တဲ့. . . (မှန်ပါ့)၊ မဟောဘူးလား. . . (ဟောပါတယ်ဘုရား) ဒီကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အတုမရှိအောင် ဉာဏ်

ကျယ်တဲ့ပုဂ္ဂိုလ်မို့ ဥပမာပြလိုက်တယ်၊ ရာဇဝတ်သားကို ဆီအပြည့်ထည့်ပြီး လွှတ်လိုက်တယ်၊ ဖိတ်တဲ့နေရာ သတ်စေတဲ့ . . . (မှန်ပါ့)။

ဒီလိုဟောလိုက်တာလည်း ဆီဖိတ်တာဟာ ကြားခိုတာပဲ . . . (မှန်ပါ့)၊ ဆီဖိတ်တာသည်ကားလို့ဆိုရင် စိတ်တခြားရောက်လို့ ဖိတ်တာ. . . (မှန်ပါ့)။

ဒါဖြင့် ကိလေသာ ကြားခိုတာပဲဆိုတာလဲ ပေါ်သွားပြီ. . . (ပေါ်ပါပြီ)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

တဲ . . . ယနေ့ဒီတွင် တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . . သာဓု